# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ သောကြာနေ့။ | Friday, 8 July 2022 | ၁၀၇၉၀


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU)မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

## တပ်မတော်က နိုင်ငံတော်သို့ ၂၇၈၉ ဒသမ ၂၅ ကာရက်ရှိ ပတ္တမြားကြီး လှူဒါန်း

**ပတ္တမြားကြီးကို နိုင်ငံတော်ပတ္တမြား(နစကပတ္တမြား)အဖြစ် ဂုဏ်ပြုသတ်မှတ်ခေါ်ဝေါ်မည်**

နေပြည်တော် ဇူလိုင် ၇

တပ်မတော်က နိုင်ငံတော်သို့ ၂၇၈၉ ဒသမ ၂၅ ကာရက်ရှိပတ္တမြားကြီး လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ညီလာခံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳






ကြေးမုံ

# အစဉ်ထာဝစဉ်မမေ့နိုင်သည့် နိုင်ငံပြုဗိသုကာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လေးကြိမ်တိုင်တိုင် စုစည်းတည်ထောင်ခဲ့ရသည်ဟု သမိုင်းမော်ကွန်းရေးထိုးထားသည်။ ပထမမြန်မာနိုင်ငံတော်ကို ပုဂံခေတ်တွင် အနော်ရထာဘုရင်မင်းမြတ်ကလည်းကောင်း၊ ဒုတိယမြန်မာနိုင်ငံတော်ကို တောင်ငူခေတ်တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာကလည်းကောင်း၊ တတိယမြန်မာနိုင်ငံတော်ကို ကုန်းဘောင်ခေတ်တွင် အလောင်းမင်းတရား ဦးအောင်ဇေယျကလည်းကောင်း အခိုင်အမာစုစည်းတည်ထောင်ခဲ့ကြသည်။

ကုန်းဘောင်မင်းဆက် နောက်ဆုံးဘုရင် သီပေါမင်းလက်ထက်တွင် မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှတို့၏ လက်နက်အားကိုးဖြင့် မတရားကျူးကျော်သိမ်းပိုက်ခြင်းကို ခံခဲ့ရပြီး နယ်ချဲ့ကျွန်သပေါက်ဘဝကို လုံးလုံးလျားလျား ကျရောက်သွားတော့သည်။ ဤသို့ဖြင့် မြန်မာတစ်မျိုးသားလုံးသည် မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့တွင် ကံဆိုးမိုးမှောင် ကျရောက်ခဲ့ရသည်။ နယ်ချဲ့ကျွန်ဘဝ ကျရောက်ပြီးနောက် ရာစုနှစ်တစ်ဝက်ခန့်ကြာသည့်အခါ မြန်မာနိုင်ငံကို လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ပြန်လည်စုစည်းတည်ထောင်နိုင်သော လွတ်လပ်ရေးဗိသုကာတစ်ဦး ပေါ်ပေါက်လာခဲ့သည်။

မြန်မာနိုင်ငံတော်ကြီးကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားတို့ကဲ့သို့ပင် စတုတ္ထအကြိမ် ပြန်လည်စုစည်းတည်ထောင်သူကား ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးချိန်၌ မြန်မာနိုင်ငံရှိ ပြည်သူလူထုတစ်ရပ်လုံးကို ဖဆပလအလံတော်အောက်၌ တစုတရုံးတည်း စည်းရုံးပေးခဲ့သော၊ လွတ်လပ်ရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု သမိုင်းမှတ်တိုင်ကို အခိုင်အမာစိုက်ထူပေးခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော် (ခေါ်) ဘီအိုင်အေ တပ်မတော်ကြီးကို စတင်တည်ထောင်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်း (ခေါ်) ဒို့ဗမာအစည်းအရုံးခေါင်းဆောင် သခင်အောင်ဆန်း ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော အားထုတ်မှုများမှာ အံ့မခန်းမကုန်နိုင်အောင် မော်ကွန်းရေးထိုးထားသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ထင်ရှားသော နိုင်ငံရေးဂုဏ်ပုဒ်တစ်ခုမှာ နိုင်ငံရေးတရားသေဝါဒသမား မဖြစ်ခဲ့ခြင်းပင်။ အချို့သော နိုင်ငံရေးခေါင်းဆောင်များတွင် ဖြစ်လေ့ဖြစ်ထရှိသော တရားသေအစွဲအလမ်းဝါဒမျိုး ဗိုလ်ချုပ်အောင်ဆန်းတွင် မည်သည့်အခါမျှ မမြင်တွေ့ရပေ။ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်အကျိုးရှိမည်ဆိုပါက မိမိဆုပ်ကိုင်ထားသည့် ဝါဒကို အခြေအနေနှင့်လျော်ညီစွာ စွန့်လွှတ်ပြောင်းလဲပေးနိုင်သူဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ကျိုးစွန့်အနစ်နာခံမှု၊ အရင်းရှင်နယ်ချဲ့တို့အပေါ် ပြတ်သားစွာတုံ့ပြန်မှု၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းပြမှု၊ တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်မြတ်နိုးမှု၊ တန်ဖိုးထားမှု၊ ဂုဏ်သိက္ခာ၊ အာဏာ၊ စည်းစိမ်ဥစ္စာတို့ကို မမက်မောမှုစသည့်ဂုဏ်ပုဒ်များမှာ ပြောပြ၍ပင်မကုန်နိုင်ပေ။ ဗိုလ်ချုပ်အောင်ဆန်း၏ ကြီးမြတ်သော နိုင်ငံရေးဂုဏ်ဒြပ်ကို မြန်မာနိုင်ငံရှိ ရဟန်းရှင်လူ ပြည်သူများက ဦးလည်မသုန် အမြဲမပြတ် လေးစားတန်ဖိုးထားလျက်၊ တန်းဖိုးထားခဲ့၊ တန်ဖိုးထားဆဲဖြစ်သည်။

သို့သော် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တစ်ဦးနှင့်တစ်ဦးအပေါ် အာဃာတမထား မြင့်မြတ်သောစိတ်ထားရှိခြင်းကြောင့် ပညာရှိသတိဖြစ်ခဲဆိုသကဲ့သို့ အားနည်းချက်အချို့ရှိခဲ့သည်။ ယင်းမှာ မိမိကိုယ်ကို ယုံကြည်မှုပိုကဲသဖြင့် ရန်သူကို ဂရုမပြု လျစ်လျူရှုထားခဲ့သော အမှားပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကို တစ်နိုင်ငံလုံးရှိပြည်သူများက မည်မျှချစ်ခင်လေးစားသည်မှန်စေ နိုင်ငံရေးအမြင်မတူသူ၊ နိုင်ငံရေးသဘောထားကွဲပြားသူ၊ ပြိုင်ဘက်ရန်သူ၊ အာဏာလက်လွှတ်ရမည့်သူများရှိနေသည်ကို သတိပြုသင့်သည်။ ယုတ်စွအဆုံး အသက်အန္တရာယ်ပြုသူရှိနေပါသည်ဟု ပြောကြားသော်လည်း မယုံကြည်ခဲ့ခြင်းပင်ဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား မစားရသည့်အမဲ သဲနှင့်ပက်ရန် ကြံစည်အားထုတ်သူများ၊ ယုတ်မာပက်စက်သည့် အကြံအစည်ဖြင့် ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်သည့် အကြမ်းဖက်လူသတ်သမားများ၏ သတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အမျိုးသားခေါင်းဆောင်များ ရေတိမ်နစ်ခဲ့ရသည်။ တိုင်းပြည်အတွက် အမှောင်အတိဖုံးပြီး အနာဂတ်ပျောက်ဆုံးခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်များ မသမာသူလူတစ်စု၏ လုပ်ကြံမှုဖြင့် ကျဆုံးခဲ့ရသော်လည်း မြန်မာပြည်သူတို့၏ နှလုံးသည်းပွတ်ထဲတွင် မမေ့မပျောက်ရှိနေဆဲဖြစ်သည်။ လူပင်သေသော်လည်း နာမည်မသေသည့် ထာဝရမမေ့ပျောက်နိုင်သော အမျိုးသားခေါင်းဆောင်ကြီးဖြစ်ပါကြောင်း။ ။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၅)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄:၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအားအင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉-၇-၂၀၂၂ ရက်နေ့မှ ၂၁-၇-၂၀၂၂ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံ မှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့် ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအားရွှေကြက်ယက်လမ်းနှင့် ဆုံရာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၂၂ ရက်နေ့မှ ၂၁-၇-၂၀၂၂ ရက်နေ့ ၀၅:၀၀ အချိန်မှ ၁၈:၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်လမ်းလွှဲဆောင်ရွက်နေသည့် အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ဓနုဖြူမြို့နယ်၌ ရေဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြပွဲ ကျင်းပ

ဓနုဖြူ ဇူလိုင် ၇

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာအုပ်စု မရမ်းချောင်းကျေးရွာ၌ ရေဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

သရုပ်ပြပွဲတွင် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးအရာရှိ ဦးရဲထွန်းက မိုးရာသီ မြစ်ရေကြီးချိန် တာတမံ ရေဘေးအန္တရာယ် ကာကွယ်ရန် တာတမံများ၏ အရေးပေါ် အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု၊ အစီရင်ခံမှုနှင့် တုံ့ပြန်မှုပုံစံများကို ရှင်းလင်းပြောကြားခြင်းနှင့် ရေကျော်ခြင်း၊ တာအိခြင်း၊ ထူးပေါက်ခြင်း၊ သဲဗွက်ထခြင်းတို့အတွက် ဆောင်ရန်၊ ရှောင်ရန် အချက်များကို လက်တွေ့သရုပ်ပြ ရှင်းလင်းပြောကြားသည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးအောင်ချိုဦး၊ အဖွဲ့ဝင် (၂)ဦးစိန်မောင်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာနေပြည်သူများ စုစုပေါင်း ၄၅ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၇ - ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၅၀၀ | ၄၂ | ၃၁၅,၆၀၀ |
| MTSH | ၂,၆၅၀ | ၂,၆၅၀ | ၁,၀၀၀ | ၂,၆၃၀,၀၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၃ | ၂၁,၉၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၁ | ၁၈,၀၀၀ |
| TMH | ၂,၄၅၀ | ၂,၅၀၀ | ၁၃၆ | ၃၃၅,၅၀၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၈၄ | ၄၁၁,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၈၃.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၅.၉၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၁.၁၅၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၇.၈၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၃၅၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၁.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၂၀.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၅၈.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၂၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့်ဇနီးများ၊ အတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အစီအစဉ်အရ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး အနုပညာဦးစီးဌာနမှ ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ "ထူးမခြားနား" သီချင်းခံသုံးပိုဒ်ကို ဖွင့်လှစ်ပူဇော်သည်။

**ငါးပါးသီလခံယူဆောက်တည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ဇန်းမော်ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒကထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ စာမျက်နှာ ၃ မှ
ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဗန်းမော်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာမြို့ သာသနဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောဝိဒက ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်ပြီး ကောင်စီဝင်များနှင့် ဇနီးများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးခင်မောင်ဆွေ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးစိုင်းလုံးဆိုင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဗညားအောင်မိုး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရွှေကြိမ်း ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## စုပေါင်းလုပ်မှ အကျိုးရှိနိုင်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



* တပ်မတော်မှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မကြာမီက နိုင်ငံတော်နှင့်တပ်မတော်ကို ချစ်မြတ်နိုးသည့် လူငယ်တစ်ဦးက ၎င်း၏ မိဘဘိုးဘွားများလက်ထက်က ထိန်းသိမ်းထားရှိသည့် ပတ္တမြားကြီးကို တပ်မတော်သို့ လှူဒါန်းရန်အတွက် ကမ်းလှမ်းလာခဲ့ပါကြောင်း၊ အဆိုပါ ပတ္တမြားကို တာဝန်ရှိသူများဖြင့် စိစစ်ကြည့်သည့်အခါတွင် အဖိုးထိုက်တန်သည့် ပတ္တမြားဖြစ်သည်ကို စစ်ဆေးတွေ့ ရှိရပါကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ အလားတူပင် ၁၉၉၀ ပြည့်နှစ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် နိုင်ငံတော်သို့ ၄၉၆ ကာရက်ရှိ ပတ္တမြား လှူဒါန်းမှုအား လက်ခံရရှိခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ၁၉၀၇ ကာရက်ရှိ ပတ္တမြားကို နိုင်ငံတော်သို့ လှူဒါန်းမှု လက်ခံရရှိခဲ့ကြောင်း၊ ယခု လှူဒါန်းသည့် ပတ္တမြားကြီးသည် ၂၇၈၉ ဒသမ ၂၅ ကာရက်ရှိပြီး အရွယ်အစားအားဖြင့် ကြီးမားပါကြောင်း၊ ယခု ပတ္တမြားကြီးကို နိုင်ငံတော်ပတ္တမြား(နစကပတ္တမြား) အဖြစ် ဂုဏ်ပြုသတ်မှတ် ခေါ်ဝေါ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ပတ္တမြားကြီးသည် ပွတ်ချောအမျိုးအစားဖြစ်ပြီး အပြစ်အနာအဆာ ကင်းစင်ကာ မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေမှ ထွက်ရှိသည့် ရှားပါးသော ပတ္တမြားဖြစ်ကြောင်း၊ ထို့ကြောင့် လှူဒါန်းသည့် လူငယ်ကိုလည်း ထိုက်တန်သည့် ချီးမြှင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပတ္တမြားကြီးဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပတ္တမြားကြီးအား ကြည့်ရှုကြသည်။

ယခု တပ်မတော်မှတစ်ဆင့် နိုင်ငံတော်သို့ လှူဒါန်းသည့် ၂၇၈၉ ဒသမ ၂၅ ကာရက်ရှိ ပတ္တမြားကြီးသည် မာခြင်းအဆင့် (၉) ရှိပြီး သိပ်သည်းဆ ၃ ဒသမ ၉၉ ရှိကြောင်း၊ အရောင်မှာ ခရမ်းရောင်အနည်းငယ်သန်းသည့် အနီရောင်(Red With Purplish tint) ဖြစ်ပြီး မိုးကုတ်ရတနာနယ်မြေမှ ထွက်ရှိသည့် အရွယ်အစားကြီးမား၍ ရှားပါးခြင်းကြောင့် ထူးခြားသည့် ပတ္တမြားကြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်က နိုင်ငံတော်သို့ ၂၇၈၉ ဒသမ ၂၅ ကာရက်ရှိ ပတ္တမြားကြီး လှူဒါန်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်က နိုင်ငံတော်သို့ လှူဒါန်းသည့် ၂၇၈၉ ဒသမ ၂၅ ကာရက်ရှိ ပတ္တမြားကြီးအား ကြည့်ရှုစဉ်။

## ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ တင်ပြမှုစွမ်းရည် ယှဉ်ပြိုင်တင်ဆက်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၇

စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ စာဖတ်စွမ်းရည်၊ နားလည်သဘောပေါက်မှု စွမ်းရည်နှင့် ရှင်းလင်းတင်ပြခြင်းစွမ်းရည်တို့ မြင့်မားလာစေရန် ရည်ရွယ်ကျင်းပသည့် တင်ပြမှုစွမ်းရည် ယှဉ်ပြိုင်တင်ဆက်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်စင်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် စွမ်းအင်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ (Human Resource Development Plan)ရေးဆွဲဆောင်ရွက်သွားရေးမှာ အလွန်အရေးကြီးပါကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ပြည့်ဝနေစေရန်နှင့် လုပ်ငန်းကျွမ်းကျင်မှုရှိစေရန်အတွက် ဘာသာရပ်အမျိုးမျိုး လေ့ကျင့်သင်ကြားပေးခြင်းမှာ အခြေခံကျသည့် အခန်းကဏ္ဍမှ ပါဝင်ပြီး ဘာသာရပ်ဆိုင်ရာအလိုက် သုတေသနနှင့် ဖွံ့ဖြိုးရေး(Research and Development–R&D) လုပ်ငန်းများ ဆောင်ရွက်နိုင်သည်အထိ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုပါကြောင်း၊ လုပ်ငန်းဌာနအလိုက် ဝန်ထမ်းသစ်များကို လုပ်ငန်းခွင်အသားကျအောင် မိတ်ဆက်လေ့ကျင့်ပေးသည့် Orientation Course အဆင့်မျှနှင့်ရပ်မနေဘဲ လုပ်ငန်းကျွမ်းကျင်သည့် ဝန်ထမ်းများဖြစ်သည်အထိ လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မည့် ဝန်ထမ်းကောင်းများဖြစ်သည်အထိ လေ့ကျင့်ပြုစု ပျိုးထောင်သွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

အခမ်းအနား၌ ဝန်ထမ်း ၁၄ ဦးက ဝင်းသိန်းဦးရေးသားပြုစုခဲ့သော "MBA In A Day" စာအုပ်အား တစ်လကြာဖတ်ရှုလေ့လာ၍ ပြန်လည်ရှင်းလင်းတင်ပြခြင်းဖြစ်ရာ တင်ပြမှုစွမ်းရည် ယှဉ်ပြိုင်ခြင်းအပေါ် ဌာနအလိုက် တာဝန်ခံအရာရှိများက အကဲဖြတ်အမှတ်ပေးစနစ်ဖြင့် ယှဉ်ပြိုင်စေခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU)မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

## တက်ရောက်

အဆိုပါငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)မှ အထွေထွေအတွင်းရေးမှူးနှင့်အတူ တွဲဖက်အတွင်းရေးမှူး(၂) ကျာယာကုပ်နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ကျာဖူးတို့ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူး ကျာဆော်လမွန်တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ရာတွင် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်များ ပေါ်ထွက်လာရန် အဓိကလိုအပ်သည့်အတွက် တစ်နိုင်ငံလုံး တိုင်းရင်းသားဒေသများပါမကျန် ပညာရည်မြှင့်တင်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရန်ရည်ရွယ်၍ ယခုကဲ့သို့ ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးမှုအတွက် အထူးကျေးဇူးတင်ရှိသည့် အခြေအနေနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သက်၍သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)မှ အထွေထွေအတွင်းရေးမှူးက ဒေသထွက်လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)မှ အထွေထွေအတွင်းရေးမှူး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အနုပညာနှင့် ပြည်သူသည် ခွဲခြား၍မရသည့်အတွက် အနုပညာဖြင့် ပြည်သူကို အလုပ်အကျွေးပြုပြီး တိုင်းပြည်ကိုအကျိုးပြုစေလို

**ရန်ကုန် ဇူလိုင် ၇**

မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး(ဗဟို)က ကျင်းပသည့် (၁၂)ကြိမ်မြောက် သက်ကြီးဟာသပညာရှင်ကြီးများအား ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Studio(A) ၌ ကျင်းပသည်။

ကန်တော့ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး(ဗဟို)မှ ဟာသပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ ကျင်းပရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။

**ဖွင့်လှစ်**

ရှေးဦးစွာ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး(ဗဟို) ၏ Theme Song ကို အစည်းအရုံးဝင်လူငယ်များက သံပြိုင်သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပူဇော်ထိုက်သူကို ပူဇော်သည့်ပွဲဖြစ်ပြီး သက်ကြီးဟာသပညာရှင်ကြီးများကို ပူဇော်ခြင်းဖြစ်၍ မင်္ဂလာရှိသော အခမ်းအနားတစ်ခု ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားသို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အနယ်နယ်အရပ်ရပ်မှ စုဝေးရောက်ရှိလာသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က အနုပညာရှင်များအား ပါရမီရှင်များဟု သတ်မှတ်ဂုဏ်ပြုပြီး ဟာသပညာရှင်များကိုလည်း လေးစားပါကြောင်း၊ အနုပညာနှင့် ပြည်သူသည် ခွဲခြား၍မရသည့်အတွက် အနုပညာဖြင့် ပြည်သူကို အလုပ်အကျွေးပြုပြီး တိုင်းပြည်ကို အကျိုးပြုစေလိုပါကြောင်း၊ အနုပညာစွမ်းပကားဖြင့် ပြည်သူကို စည်းလုံးနိုင်စွမ်း၊ စည်းရုံးနိုင်စွမ်းရှိပြီး အနုပညာရှင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးသည့်အတွက် ပြည်သူများ ပြုံးပျော်ရွှင်စေရန် ဟာသပညာရှင်ကြီးများက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မုဒိတာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ဥက္ကဋ္ဌ ဦးဒိန်းဒေါင်က ကန်တော့ပွဲအခမ်းအနားကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းသည့် အလှူငွေကျပ် ၂၅ သိန်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများနှင့် စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၁၄၇ သိန်း ၅ သောင်းကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ဦးဒိန်းဒေါင်ထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တိုင်းဒေသကြီးဝန်ကြီးများက သက်ကြီးဟာသပညာရှင်ကြီးများအား ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် လူငယ်ဟာသပညာရှင်များက သက်ကြီးဟာသပညာရှင်ကြီးများကို ကန်တော့ကြရာ ကန်တော့ခံ သက်ကြီး ဟာသပညာရှင်ကြီးများကိုယ်စား သက်ကြီးဟာသပညာရှင် ဦးပေါ်လေးက ကျေးဇူးတင်စကားပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် သက်ကြီးဟာသပညာရှင်ကြီးများက သက်ကြီးအငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ဦးငွေအောင်နှင့် အလှူရှင်များက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် သက်ကြီးဟာသပညာရှင်ကြီးများအား အလှူငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ရုပ်ရှင်၊ ဂီတ၊ သဘင်ပဒေသာကပွဲ ကျင်းပပြုလုပ်ရန်နှင့် ပတ်သက်၍ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်၊ ဂီတ၊ သဘင် ပဒေသာကပွဲ မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယခုပဒေသာကပွဲကြီးကို ရည်ရွယ်ချက်နှစ်ရပ်ဖြင့် ကျင်းပရန်စီစဉ်ထားပြီး ယင်းရည်ရွယ်ချက် နှစ်ရပ်မှာ ပြိုကွဲလုနီးပါးဖြစ်နေသည့် အနုပညာလောက ပြန်လည်ရှင်သန်ရန်နှင့် ကိုဗစ်-၁၉ ကြောင့် စိတ်မွန်းကျပ်နေသည့် ပြည်သူများကို စိတ်ပျော်ရွှင် အပန်းပြေစေရန်ဖြစ်ပါကြောင်း၊ ပြည်သူများအား အနုပညာဖြင့် ပြန်လည်ဖြည့်ဆည်းခြင်းဖြစ်သကဲ့သို့ အနုပညာလောက ပြန်လည်ရှင်သန်တော့မည်ဆိုသည့် သတင်းစကားကိုလည်း ပေးသည့်သဘောဖြစ်ပါကြောင်း၊ ပဒေသာကပွဲကို စက်တင်ဘာလ ပထမပတ်မှ စတင်၍ ရုပ်သံချန်နယ်များမှ ပြသရန် စီစဉ်ထားပါကြောင်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) အမှုဆောင် ဦးငွေးလွင်နှင့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)နှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)တို့မှ နာယကများနှင့် အနုပညာရှင်၊ အတတ်ပညာရှင်များ၊ ရုပ်သံလိုင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိခရိုင် နေပြည်တော် ဟိုတယ်ဇုန်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၇**

၂၀၂၂ ခုနှစ် နေပြည်တော် ဟိုတယ်ဇုန် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းရုံးရှေ့၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ငွေးအောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဟိုတယ်ဝန်ထမ်းများ ပါဝင်တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုးသည်။ ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများနှင့် ဟိုတယ်လုပ်ငန်းရှင်များ၊ ဝန်ထမ်းများက ပျိုးပင်များကို သတ်မှတ်ထားသည့် နေရာများတွင် အတူတကွ စုပေါင်းစိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးက သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင်၊ မန်ကျည်းပင်၊ ရွှေသပြေ၊ ကံ့ကော်၊ ထိုင်ဝမ်ဗာဒံ စသည့် အရိပ်ရလေကာပင်နှင့် ပန်းအလှပင် စုစုပေါင်း ၃၀၀ ကျော် စိုက်ပျိုးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Star World ဟိုတယ်သို့ရောက်ရှိကာ နေပြည်တော်ရှိ ဟိုတယ်များမှ ကာကွယ်ဆေးထိုးရန်ကျန်ရှိသော ဟိုတယ်ဝန်ထမ်း ၈၅ ဦးအား တတိယအကြိမ် ကိုဗစ်-၁၉ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မိုးကြီးနိုင်

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

**နေပြည်တော် ဇူလိုင် ၇**

စစ်ကိုင်းတိုင်း ဒေသကြီး မန္တလေးတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# တမူးဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်




မြန်မာနိုင်ငံ တမူးမြို့၌ ဇူလိုင်လ ၅ ရက်နေ့က အိန္ဒိယနိုင်ငံသားနှစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့ကြောင်းသိရသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံဘက်ခြမ်းမှ လူ ၅၀ က ဆန္ဒပြခဲ့ကြပြီး တမူးမြို့ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်အား ခဲများဖြင့်ပစ်ပေါက်ခဲ့ကြောင်းသိရသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယခုကဲ့သို့ဖြေကြားခဲ့ပါသည်-

"ဇူလိုင်လ ၅ ရက်နေ့ နေ့လယ် ၁၂ နာရီခွဲလောက်က တမူးမြို့ စော်ဘွားကုန်းရပ်ကွက်မှာ အမျိုးသားနှစ်ယောက်သေနတ်နဲ့ အပစ်ခံရပြီး သေဆုံးခဲ့ရတဲ့အကြောင်းကို တရားခံတွေထဲကပဲ ကျွန်တော်တို့ကိုသတင်းပို့ပါတယ်။ ဒါကြောင့် တမူးမှာရှိတဲ့ ရဲစခန်းက မြို့နယ်မှူးအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေက နေ့လယ် ၁၂ နာရီ ၄၅ လောက်မှာ သွားရောက်စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတဲ့အခါမှာ ဟိန္ဒူလူမျိုးလို့ယူဆရတဲ့ အသက် ၃၅ နှစ်ခန့်အရွယ် အမျိုးသားတစ်ယောက်၊ အသက် ၃၂ ခန့်လို့ခန့်မှန်းမိတဲ့ အမျိုးသားတစ်ယောက်၊ ဒဏ်ရာတွေကတော့ သေနတ်နဲ့ ပစ်သွားတာချည်းပဲ၊ ဦးခေါင်းတွေပဲထိမှန်တဲ့ အနေအထားရှိပါတယ်။ သေဆုံးနေတာတွေ့ရတယ်။ အဲဒါနဲ့ ကျွန်တော်တို့ မြို့နယ်ရဲတပ်ဖွဲ့နဲ့ လုံခြုံရေးအဖွဲ့တွေဟာ အနီးနားပတ်ဝန်းကျင်ကို စစ်ဆေးတယ်။ စစ်ဆေးတဲ့အခါမှာ ၁၂ နာရီခွဲလောက်မှာ အဲဒီနှစ်ယောက်ဟာ စော်ဘွားရပ်ကွက်အတွင်းကို ဆိုင်ကယ်တစ်စီးနဲ့ဝင်လာတယ်။ နှစ်ယောက်လုံး အတူတူစီးကြတာပဲ၊ ဆိုင်ကယ်တစ်စီးနဲ့ဝင်လာတယ်။ ဝင်လာတဲ့အချိန်မှာပဲ အကြမ်းဖက်အဖွဲ့တစ်ဖွဲ့က သေနတ်နဲ့ ပစ်ခတ်ပြီး ထွက်ပြေးသွားတယ်လို့သိရတယ်။ အဲဒါကြောင့် အလောင်းတွေကို ကျွန်တော်တို့က တမူးဆေးရုံကို ပို့တယ်။ တစ်နာရီခွဲလောက်မှာ ရောက်တယ်။ တမူးရဲစခန်းမှာ သေမှုသေခင်းဖွင့်တယ်။ ဖွင့်ပြီးတော့ အဲဒီအလောင်းတွေအကုန်လုံးကို မြို့မိ မြို့ဖတွေ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ သတင်းစုံစမ်းစစ်ဆေးခဲ့တယ်။ ဆောင်ရွက်ခဲ့တယ်။ အဲဒီမှာ လာရောက်ဆက်သွယ်တာတော့မရှိခဲ့ဘူးဗျ။ မရှိခဲ့တဲ့အတွက်ကြောင့် ၆ ရက်နေ့ မနက် ၇ နာရီမှာ တမူးမြို့သုသာန်မှာ မီးသင်္ဂြိုဟ်ခဲ့တယ်လို့ သိရတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဇူလိုင်လ ၆ ရက်နေ့ ဖြစ်စဉ်ဖြစ်ပြီးနောက်တစ်နေ့ နေ့လယ် ၁ နာရီခွဲလောက်မှာမှ အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် Moreh မြို့မှာရှိတဲ့ နယ်စပ်ကုန်သွယ်ရေးအသင်းက တာဝန်ရှိသူတစ်ယောက်က ကျွန်တော်တို့ဆီကို ဖုန်းနဲ့ ဆက်သွယ်လာတယ်။ ဆက်သွယ်လာပြီးတော့ အဲဒီသေဆုံးသူတွေက Moreh မြို့ ဟိန္ဒူရပ်ကွက်က တီမိုဟန် ၂၈ နှစ်နဲ့ အာရ်ဂျန် ၃၅ နှစ် ဖြစ်တယ်ဆိုပြီးတော့ ကျွန်တော်တို့ကို ပြောလာတယ်။ ဇူလိုင်လ ၅ ရက်နေ့မှာ မြန်မာ-အိန္ဒိယနယ်စပ် ပန်းပဲတန်းပေါက်(ဒေသအခေါ်ပေါ့)ကနေ မြန်မာနိုင်ငံထဲကို ရောက်လာတဲ့လူတွေဖြစ်တယ်လို့ ပြောပြချက်အရ သိရတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ပြန်ပြီးတော့ဆက်သွယ်ပါတယ်။ သူတို့ တရားဝင် ဝင်လာလားဆိုပြီးမေးတဲ့အခါ တရားဝင်ဝင်ရောက်တာမျိုးတော့မရှိပါဘူး။ အဲဒီဘက်မှာလည်း အများစုအတွက်က တမူး-Moreh ဆိုတာ ဆက်စပ်နေတဲ့နယ်မြေဖြစ်တဲ့အတွက်ကြောင့်မလို့ သွားလာကူးသန်းမှုတွေရှိတယ်။ တရားဝင် ဝင်ရောက်တာ၊ မရောက်တာကတော့ အဓိကတော့မဟုတ်ဘူး၊ သွားလာကူးသန်းမှုတွေရှိတယ်။ အဲဒီမှာလည်း ၅ ရက်နေ့က တမူးမြို့နယ် ကုန်းလမ်းပို့ဆောင်မှု ညွှန်ကြားရေးဦးစီးဌာနရုံးကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ ဝင်ရောက်ဖျက်ဆီးခဲ့တာတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ ရှိခဲ့တာတွေရှိပါတယ်ဗျ။ အဲဒါကတော့ ကညနရုံးမှာဖြစ်ခဲ့တဲ့ဖြစ်စဉ်ရှိခဲ့တယ်။ အဲဒီမတိုင်ခင်မှာ တစ်ယောက်အသတ်ခံခဲ့ရတာမျိုး ရှိခဲ့ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီး ၆ ရက်နေ့ ညနေ ၃ နာရီလောက်မှာ အိန္ဒိယဘက်ခြမ်းက လူ ၅၀ လောက် ဆန္ဒပြမှုဖြစ်ပွားခဲ့တယ်။ အဲဒီ နှစ်ဦးသေဆုံးတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ တမူးဘက်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို ခဲနဲ့ပစ်ပေါက်ခဲ့တာတော့ရှိပါတယ်။ သို့သော် Moreh နယ်စပ်ကုန်သွယ်ရေးအသင်းက တာဝန်ရှိသူတွေအနေနဲ့ နှစ်နိုင်ငံလုံခြုံရေးအဖွဲ့တွေနဲ့ ဖြေရှင်းပေးလိုက်တဲ့အတွက်ကြောင့်မလို့ သူတို့ အေးအေးချမ်းချမ်းပဲ လူစုခွဲထွက်ခွာသွားတာရှိပါတယ်။ အဲဒီဖြစ်စဉ်နောက်ပိုင်းတွေမှာတော့ Moreh မြို့မှာရှိနေတဲ့ လုံခြုံရေးတပ်ဖွဲ့တွေက မြန်မာနိုင်ငံဘက်ကို အကြောင်းကြားလာတာရှိတယ်။ မြန်မာနိုင်ငံဘက်က လုံခြုံရေးတပ်ဖွဲ့တွေကလည်း Moreh ဘက်ကို အကြောင်းကြားတာရှိတယ်။ အကြောင်းကြားပြီးတော့ နှစ်ဖက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရတယ်။ ပြဿနာကတော့ ပြေလည်သွားတာရှိပါတယ်။ အဲဒီမှာ စွပ်စွဲချက်တွေတော့လာတာပေါ့။ ထုံးစံအတိုင်းပဲ။ ထိုကိစ္စမှာ တပ်ကပဲပစ်သယောင်နဲ့ နှစ်နိုင်ငံ ချစ်ကြည်ရေးပျက်ပြားစေဖို့အတွက် တပ်ကပဲ ပစ်ခတ်သယောင်လုပ်ခဲ့တာ။ သို့သော် နှစ်နိုင်ငံတပ်တွေအနေနဲ့ ဆက်သွယ်မှု၊ ဆက်ဆံမှု အမြဲတမ်းရှိတယ်။ အားလုံးလည်း သိပြီးဖြစ်ပါတယ်။ အားလုံးလည်းသိပြီးဖြစ်တဲ့အတွက် ပြဿနာတွေတော့ ပြေလည်သွားပါပြီ။ အိန္ဒိယနိုင်ငံအနေနဲ့တော့ ဒီဟာနဲ့ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အချင်းချင်းဆက်သွယ်ပြီး မေးမြန်းနေတာလည်းရှိတယ်။ လုံခြုံရေးတပ်ဖွဲ့အချင်းချင်း ဆက်သွယ်ပြီး မေးမြန်းနေတာလည်းရှိတယ်။ အားလုံးထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ သတ်သွားတဲ့လူတွေနဲ့ပတ်သက်ပြီး တရားဝင် စုံစမ်းစစ်ဆေးမှုတွေ လုပ်ဆောင်နေပါတယ်။ အသေးစိတ် စုံစမ်းစစ်ဆေးမှုတွေလည်း လုပ်ဆောင်နေပါတယ်။ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်ရေး၊ အရင်ကတည်းကတိုင် ကျွန်တော်တို့က အိန္ဒိယနဲ့ မြန်မာကြားထဲမှာ အချင်းချင်းသဘောတူညီချက်ရှိပြီးဖြစ်တယ်။ အိန္ဒိယကို ဆန့်ကျင်နေတဲ့အဖွဲ့အစည်းတွေအနေနဲ့လည်း မြန်မာနိုင်ငံထဲမှာ ဝင်ရောက်အခြေပြုတာ၊ အခြေချတာ၊ လှုပ်ရှားတာမျိုးမလုပ်အောင်။ မြန်မာနိုင်ငံကို ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းတွေအနေနဲ့လည်း အိန္ဒိယနိုင်ငံထဲမှာ ဝင်ရောက်အခြေပြု၊ အခြေချ၊ လှုပ်ရှားတာမျိုးမရှိအောင် ကျွန်တော်တို့လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဆောင်ရွက်လျက်ရှိတယ်။ ဒီကိစ္စကိုလည်း ကျွန်တော်တို့ အသေးစိတ်စုံစမ်းဆောင်ရွက်လျက်ရှိပြီး အိန္ဒိယနိုင်ငံချစ်ကြည်ရေးနဲ့ပတ်သက်ပြီးတော့ မထိခိုက်အောင် ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါတယ်"

"အဲဒီမှာတော့ နယ်စပ်ဒေသမြို့ဖြစ်တာနဲ့အညီ ယခင်ကတည်းကတိုင် ဒီလိုမျိုးအသတ်ခံရတဲ့ ပြဿနာမျိုးလေးတွေရှိခဲ့တယ်။ အဲဒီဘက်မှာလည်း အဖွဲ့အစည်းတွေက တချို့သောတရားမဝင်လက်နက်ကိုင်အဖွဲ့အစည်းတွေစုံတယ်။ ကူကီးအဖွဲ့တွေတို့ ကသည်းအဖွဲ့တွေတို့ ရှိခဲ့တာမျိုးတွေရှိတယ်။ အခုနောက်ပိုင်းမှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေ ပေါ်တဲ့အခါမှာ သူတို့ကိုယ်တိုင်ကြေညာချက်ထုတ်ထားတာပဲ။ တမူးမြို့ပြပြောက်ကျားအဖွဲ့လိုမျိုး အကြမ်းဖက်အဖွဲ့မျိုးတွေ၊ တမူး PDF အဖွဲ့လို အကြမ်းဖက်အဖွဲ့မျိုးတွေ သူတို့ရဲ့ထုတ်ပြန်ချက်အရ တမူးဘက်မှာကိုပဲ PDF တပ်ရင်းသုံးရင်းလောက်ရှိတယ်ဆိုပြီး ထုတ်ပြန်ခဲ့တာရှိတယ်။ အရင်ကလည်း ကျွန်တော်တို့ မိခဲ့တဲ့ဟာတွေရှိပါတယ်။ တမူးမှာရှိနေတဲ့ တချို့သောစီးပွားရေးလုပ်ငန်းရှင်တွေက ဒီအကြမ်းဖက် PDF တွေကို ထောက်ပံ့နေလို့ ကျွန်တော်တို့ သတင်းထုတ်ပြန်ခဲ့ရတာတွေလည်းရှိတယ်။ ဖမ်းဆီးမေးမြန်းခဲ့ရတဲ့ဟာတွေလည်းရှိတယ်။ ဒါ့အပြင် လွန်ခဲ့တဲ့ တစ်လပိုင်းက တမူးအကျဉ်းစခန်း အုတ်ဖိုကန်ဘောင်အကျဉ်းစခန်းကိုတမူးက PDF တပ်ရင်းအမည်ခံအကြမ်းဖက်အဖွဲ့က ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့လို့ လက်နက်တွေပါသွားတဲ့ ဖြစ်စဉ်တွေလည်းဖြစ်ခဲ့ဖူးတယ်။ ဒါ့အပြင် တချို့ရှိနေတာ စီးပွားရေးအရ ဆောင်ရွက်ကြတဲ့အခါ မကျေလည်မှုတွေရှိလို့ သတ်ဖြတ်ခဲ့တဲ့ဖြစ်စဉ်ကြီးတွေလည်းရှိတယ်။ ဒီဟာတွေ ဖြစ်စဉ်မျိုးတွေလည်းရှိတယ်။ အခုဟာကတော့ ကျွန်တော်တို့အနေနဲ့ ဒီ PDF အဖွဲ့တွေ၊ တမူးမှာရှိတဲ့ PDF အဖွဲ့တွေအနေနဲ့ အလစ်မှာ လုပ်ကြံသတ်ဖြတ်သွားတယ်လို့ပဲ ကျွန်တော်တို့ ယူဆတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီမှာ ကျွန်တော်ထပ်မံပြီး ဖြည့်စွက်ပြောလိုတာကတော့ ကျွန်တော်တို့နဲ့ အိန္ဒိယနိုင်ငံနဲ့က ကြာရှည်ရင်းနှီးတဲ့ ချစ်ကြည်ရင်းနှီးမှုတွေရှိပြီးဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဘက်ရဲ့ စိုးရိမ်ပူပန်မှုကိုလည်း ကျွန်တော်တို့ သိရှိနားလည်ပါတယ်။ ဒါကြောင့်မလို့ ကျွန်တော်တို့အနေနဲ့သတ်ဖြတ်သွားတဲ့ တရားခံတွေကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပါတယ်။ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်ရေးကို အလေးထားဆောင်ရွက်လျက်ရှိတယ်။ တချို့သောအိန္ဒိယနဲ့ မြန်မာနယ်စပ်မတည်မငြိမ်ရေးဖြစ်လာစေရေး၊ အိန္ဒိယနှင့် မြန်မာအစိုးရနှစ်ရပ်အကြား အထင်အမြင်လွဲမှားမှုဖြစ်ပေါ်လွယ်ရေးအတွက် အချို့သောမီဒီယာတွေ၊ အချို့သောလှုံ့ဆော်သူတွေ လုပ်ဆောင်နေတာ တွေ့ရပါတယ်။ ဒါတွေကို တမူးမှာရှိတဲ့ဒေသခံတွေကော ဟိုဘက် အိန္ဒိယဘက်ခြမ်းမှာရှိတဲ့ Moreh မှာရှိတဲ့ ဒေသခံတွေအားလုံးက နားလည်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးကို ခိုင်မြဲစွာဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ လုံခြုံရေးတပ်ဖွဲ့တွေနဲ့ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်"။ ။

## သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်က နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၇

သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ငွေစုငွေချေး သမဝါယမအသင်းလီမိတက်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ Mini Budget အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပခဲ့သည်။ အစည်းအဝေးသို့ ငွေစု ငွေချေးသမဝါယမအသင်းဥက္ကဋ္ဌ၊ အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသူ အသင်းသားများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းအေးက အသင်းဖွဲ့စည်းရခြင်းနှင့် အသင်း၏လုပ်ငန်းဆောင်ရွက်မှုကိစ္စများကို ရှင်းလင်းအမှာစကားပြောကြားသည်။ ဆက်လက်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်နှင့် ၂၀၂၁-၂၀၂၂ Mini Budget အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် အမြတ်ခွဲဝေစာရင်းများကို ဒါရိုက်တာအဖွဲ့ဝင်နှင့် အသင်းစာရင်းစစ်ခေါင်းဆောင်တို့က အသီးသီးရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများထံမှ သဘာပတိက အတည်ပြုချက်ရယူခဲ့သည်။ ဆက်လက်၍ အသင်းသားများသို့ အစုပေါ်အမြတ်နှင့် အသင်းသားဝေစုများ ခွဲဝေပေးအပ်ခဲ့သည်။

ယခုကဲ့သို့ အသင်းအနေဖြင့် အသင်းသားပြည်သူများ၏ ငွေကြေးစုဆောင်းတတ်မှု အလေ့အထရှင်သန်စေရန်၊ ငွေကြေးလိုအပ်ချိန်တွင် မိမိတို့ ပူးပေါင်းစုဆောင်းထားသောငွေများမှ အတိုးနှုန်းသက်သာစွာဖြင့် ချေးယူရရှိနိုင်ပြီး အသင်းသားများအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်မှု၊ ကိုယ့်အားကိုယ်ကိုးမှုတို့ကို ကျင့်သုံးတတ်စေရန်၊ အသင်းသားများ၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများ တိုးတက်မြင့်မားလာစေရန်နှင့် သမဝါယမအခြေခံမှုနှင့် သဘောတရားများ လက်တွေ့လိုက်နာကျင့်သုံးသည့် အလေ့အထများရှင်သန်လာစေရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အသင်းသားပြည်သူများမှာ ငွေကြေးစုဆောင်းခြင်း၏ အကျိုးရလဒ်ကောင်းများကိုရရှိနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆဋ္ဌသင်္ဂါယနာမူ ပိဋကသုံးပုံကျမ်းစာများကို ပါဠိ(မြန်မာ၊ ရိုမန်)နှစ်ဘာသာဖြင့် နိုင်ငံတကာကျမ်းစာများအဆင့်မီ ရိုက်နှိပ်ထုတ်ဝေနိုင်ရေး ပုံနှိပ်စက်တင်မင်္ဂလာအခမ်းအနား ကျင်းပ




ရန်ကုန် ဇူလိုင် ၇

ဆဋ္ဌသင်္ဂါယနာမူ ပိဋကသုံးပုံကျမ်းစာများကို ပါဠိ(မြန်မာ၊ ရိုမန်) အက္ခရာနှစ်မျိုးဖြင့် နိုင်ငံတကာကျမ်းစာများ အဆင့်မီ ရိုက်နှိပ်ထုတ်ဝေနိုင်ရေးအတွက် ပုံနှိပ်စက်တင်မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်ဝင်းအတွင်း၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တာဝန်ကျ(ပထမအဖွဲ့ခွဲ) ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိပါလ(မြင်းခြံ) အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး ငါးပါး၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ ဖြစ်သည့် ဘဒ္ဒန္တ ဝါယာမိန္ဒာဘိဝံသ(ရေစကြို ဆရာတော်)၊ ဘဒ္ဒန္တသုန္ဒရ(စွန်းလွန်း ဆရာတော်)နှင့် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ (မော်ကျွန်းဆရာတော်) စသည့် သံဃာတော်အရှင်သူမြတ်ကိုးပါးတို့ ကြွရောက်တော်မူကြသည်။

ထို့နောက် ပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းဆောင်ရွက်မည့် အဆောက်အအုံအတွင်း အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အနုမောဒနာတရား နာယူခြင်းများ ဆောင်ရွက်ကြကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဇောတိပါလ (မြင်းခြံ) က ပိဋကတ်သုံးပုံကို ပါဠိ (မြန်မာ၊ ရိုမန်) အက္ခရာနှစ်မျိုးဖြင့် ရိုက်နှိပ်မည့် စာပုံနှိပ်စက် စတင်လည်ပတ်နိုင်ရေးအတွက် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းကာ အောင်ဂါထာကို သုံးကြိမ်ရွတ်ဆို၍ ပုံနှိပ်စက်တင် မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ကမ္ဘာအေးကုန်းမြေ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ ဝင်းအတွင်းရှိ ဆဋ္ဌသင်္ဂါယနာမူ ပိဋကသုံးပုံ ပါဠိ (မြန်မာ၊ ရိုမန်) ကျမ်းစာအုပ်များ ပုံနှိပ်ထုတ်ဝေမည့် အဆောက်အအုံတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၏ ကြီးကြပ်မှုဖြင့် ဆဋ္ဌသင်္ဂါယနာမူ ပိဋကသုံးပုံပါဠိတော် ကျမ်းစာအုပ်များအား ပါဠိ(မြန်မာ၊ ရိုမန်) အက္ခရာနှစ်မျိုးဖြင့် ပုံနှိပ်၍ နိုင်ငံတကာကျမ်းစာများ အဆင့်မီ ရိုက်နှိပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့နိုင်ငံအသီးသီးရှိ ထေရဝါဒဗုဒ္ဓဘာသာ သင်ကြားပေးနေသည့် တက္ကသိုလ်ကြီးများနှင့် သာသနာပြုကျောင်းများ၊ မြန်မာနိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)နှင့် သီတဂူအပြည်ပြည်ဆိုင်ရာဝိပဿနာ တက္ကသိုလ် (စစ်ကိုင်း)တို့ကဲ့သို့ တက္ကသိုလ်ကြီးများအပြင် စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ပိဋကတ်ပါဠိတော် ၅၃ ကျမ်း (အုပ် ၄၀)တစ်စုံလျှင် ငွေကျပ်၁၂သိန်းနှုန်းဖြင့် ဓမ္မဒါနအဖြစ် ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## အငြိမ်းစားလစာထုတ်ယူခြင်းကိစ္စ ပန်ကြားချက်

- ◆ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာများကို မြန်မာ့စီးပွားရေးဘဏ်များက တာဝန်ယူထုတ်ပေးလျက်ရှိရာ သက်ဆိုင်ရာဘဏ်ခွဲများတွင် လစဉ်ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန်မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့် ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။
- ◆ ထို့ပြင် ပင်စင်လစာငွေများကို ဘဏ်တွင်ငွေစာရင်းဖွင့်လှစ်ထည့်သွင်း၍ လိုအပ်ချိန်တွင် အဆိုပါ ငွေစာရင်းမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ ATM စာရင်းဖွင့်လှစ်၍ ATM စက်များမှ ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ Myanmar Mobile Money (MMM) စနစ်နှင့် Wave Money စနစ်တို့ကို အသုံးပြု၍လည်းကောင်း နီးစပ်ရာ Mobile Agent များမှတစ်ဆင့် ထုတ်ယူနိုင်ရန်လည်းကောင်း ဆောင်ရွက်ပေးထားပြီး ယင်းနည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ကြောင်းကို အသိပေးကြေညာထားရှိပါသည်။
- ◆ ယခုအခါ အချို့သောဘဏ်ခွဲများတွင် လတစ်လ၏ ပင်စင်လစာကို စတင်ထုတ်ပေးသည့်ရက်ဖြစ်သော ၂၁ ရက်နေ့ တစ်နေ့တည်းတွင် စုပြုံ၍ လာရောက်ထုတ်ယူကြခြင်းကြောင့် လူစုလူဝေးဖြစ်ပေါ်ခြင်း၊ ရှည်လျားစွာတန်းစီရခြင်း၊ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းတို့ ဖြစ်ပေါ်နေကြောင်း စိစစ်တွေ့ရှိရပါသည်။
- ◆ ၂၀၂၂ ခုနှစ် ဇူလိုင်လမှစ၍ မြန်မာ့စီးပွားရေးဘဏ်တွင် ကိုယ်တိုင်ပင်စင်လစာထုတ်ယူမှု အဆင်ပြေစေရန်အတွက် ဘဏ်များတွင် ငွေပေးကောင်တာများတိုးချဲ့ စီစဉ်ထားရှိခြင်း၊ ငွေထုတ်ပေးမှု လျင်မြန်စေရန် စီစဉ်ဆောင်ရွက်ခြင်းတို့အား ဆောင်ရွက်ထားရှိပါသည်။
- ◆ သို့ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာထုတ်ယူမှု အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာဘဏ်ခွဲများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇူလိုင် ၇

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဇူလိုင် ၇

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ်ရှိ ရာဇမုနိစာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ စိန်ရောင်ခြည် ဓမ္မရိပ်သာကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ကန်မိန်းပရိယတ္တိစာသင်တိုက်နှင့် မူဆယ်မြို့နယ်ရှိ အောင်တော်မူကျောင်းတိုက်တို့သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ တိုက်ကြီးကျောင်းပရိယတ္တိစာသင်တိုက်နှင့် ကြံခင်းမြို့နယ်ရှိ ရွှေညောင်ပင်ကျောင်းတိုက်တို့သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မိုးစပါးအတွက် သဘာဝမြေဩဇာကိုအကျိုးရှိစွာ ထုတ်ယူအသုံးပြုနိုင်ရန် နည်းစနစ်များ ဖြန့်ဝေ



ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးပျိုးထောင်စိုက်ပျိုးမှုနှင့် မျိုးစေ့ချစိုက်ပျိုးမှု ဧကခြောက်သောင်းကျော် စိုက်ပျိုးထားပြီးဖြစ်ရာ တောင်သူတို့လိုအပ်သော ဓာတ်မြေဩဇာကို သက်ဆိုင်ရာမြို့နယ်အလိုက် သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချပေးလျက်ရှိပြီး သဘာဝမြေဩဇာကို အကျိုးရှိစွာထုတ်ယူအသုံးပြုနိုင်ရန်လည်း နည်းစနစ်ပိုင်းများကို ဖြန့်ဝေထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အသိပညာပေး**

စိုက်ပျိုးပြီးသောမိုးစပါးဧကခြောက်သောင်းကျော်တွင် စံပြကွက်နှင့် စမ်းသပ်ကွက် စိုက်ခင်းများကို ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မိုးစပါးထွက်နှုန်းလျော့ကျမှု မရှိစေရန်၊ ဓာတ်မြေဩဇာတစ်အိတ်လျှင် သဘာဝမြေဩဇာ သုံးအိတ်ရောစပ် အသုံးပြုနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက မိုးရာသီမတိုင်မီ သဘာဝမြေဩဇာ ထုတ်ယူအသုံးပြုနိုင်မည့် နည်းစနစ်များကို တောင်သူများထံ အသိပညာပေးခဲ့သည်။

"မိုးစပါးမစိုက်မီမှာ မြေဆီလွှာအတွက် သစ်စိမ်းမြေဩဇာသုံးနိုင်ဖို့ နည်းစနစ်ပိုင်းဆိုင်ရာ အသိပညာပေးခဲ့ပါတယ်။ လိုက်နာဆောင်ရွက်မှုများလာမယ်ဆိုရင် အသုံးချမှုလည်း များလာမှာပါ။ ပြီးတော့ သဘာဝမြေဩဇာဖြစ်တဲ့ အီးအမ်ဘိုကာချီမြေဩဇာ၊ ငါးအမိုင်နိုစတာတွေကို ဓာတ်မြေဩဇာနဲ့တွဲဖက်ပြီး ပိုပြီးအကျိုးရှိအောင်အသုံးပြုနိုင်ဖို့ ဆောင်ရွက်ထားတာလည်းရှိတယ်။ စပါးခင်းမြေဩဇာကျွေးချိန်မှာ တစ်အချိုးသုံးဖြစ်တဲ့ ဓာတ်မြေဩဇာ တစ်အိတ်မှာ သဘာဝမြေဩဇာသုံးအိတ် သုံးစွဲတတ်ဖို့နဲ့ ပင်ကြား၊ တန်းကြား စတဲ့ စိုက်ပျိုးနည်းစနစ်မှန်ကန်ဖို့၊ အကျိုးရှိစွာ အသုံးချတတ်ဖို့ကိုလည်း ပညာပေးဆောင်ရွက်ထားပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

သဘာဝမြေဩဇာကို တွဲဖက်အသုံးပြုခြင်းဖြင့် ဓာတ်မြေဩဇာသုံးစွဲမှုကို လျှော့ချနိုင်ကာ သွင်းအားစုကုန်ကျစရိတ်ကို သက်သာစေသောကြောင့် တောင်သူများ အလွယ်တကူရရှိနိုင်သည့် နွားချေး၊ ကြက်ချေး၊ ကောက်ရိုး၊ မြက်ခြောက်၊ စပါးခွံ၊ ဖွဲဒါ၊ ဟင်းသီးဟင်းရွက်စွန့်ပစ်ပစ္စည်းတို့ကို မြေဆွေးအပုံလိုက်ပြုလုပ်၍ သုံးလခန့် ဓာတ်ပြုစေပြီး သဘာဝမြေဩဇာ ထုတ်လုပ်အသုံးပြုခြင်းနှင့် ရွက်ဖျန်းမြေဩဇာအဖြစ် အသုံးပြုနိုင်သော ငါးအမိုင်နိုအက်ဆစ်ထုတ်လုပ်မှုကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား လက်တွေ့သရုပ်ပြသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးစပါးဧက ၁၁ သိန်းကျော်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး တောင်သူများ ကုန်ကျစရိတ်သက်သာစေရန် သဘာဝမြေဩဇာအတွက် မိုက်ခရိုဩဂဲနစ်ဇန်ဖြင့်လည်းကောင်း၊ ထွိုက်ကရိုဒါးမားမှိုဖြင့်လည်းကောင်း မြေဆွေးရရှိအသုံးပြုနိုင်သော နည်းပညာကိုဖြန့်ဝေထားကာ စပါးစိုက်ပျိုးထားသော မြို့နယ်၊ ကျေးရွာတို့၌ တစ်ဧကလျှင်တင်း ၁၀၀ ထွက်ရှိနိုင်သော စံပြစိုက်ကွက်များနှင့် မျိုးစေ့ထုတ်စိုက်ကွက်များကိုလည်း ဖော်ဆောင်ထားကြောင်း သိရသည်။

သတင်း - ညီမ်းသူ (သတင်းစဉ်)
ဓာတ်ပုံ - ကနူး

# ၁-၇-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၇) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

- ❖ **Passport နှင့်ပတ်သက်၍ တချို့သည်ကိုယ်တိုင်မလုပ်ဘဲ ကြားထဲကပွဲစားများနှင့် လုပ်နေသည်များရှိကြောင်း၊ ထိုသို့ပွဲစားများနှင့်လုပ်ဆောင်ရာတွင် မလိုအပ်သည့် ကုန်ကျစရိတ်များရှိနိုင်ကြောင်း၊ မိမိတို့သတ်မှတ်ထားသည့် နည်းလမ်းဖြင့် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်မည်ဆိုလျှင် ပိုမိုကောင်းမွန်မည်**
- ❖ **Passport လုပ်ဆောင်ရာတွင် ကြန့်ကြာသည်ဆိုသည်မှာ တစ်ရက်ကို လူပေါင်း ၂၅၀၀ ခန့် လျှောက်ကြကြောင်း၊ Passport ထုတ်ပေးရာတွင် အလွယ်တကူထုတ်ပေး၍မရကြောင်း၊ လူတစ်ဦးချင်းနှင့်ပတ်သက်၍ လိုအပ်သည့် စာရွက်စာတမ်းများကို စိစစ်ရသည်များရှိကြောင်း၊ နောက်ကြောင်းရာဇဝင်များကို စိစစ်ရသည်များလည်းရှိကြောင်း၊ Passport လျှောက်ထားသူများ၏ ပြစ်မှုကင်းရှင်းခြင်း ရှိ၊ မရှိ ကိုလည်း စစ်ဆေးရသည်များလည်း ရှိသည့်အတွက်ကြောင့် ထိုက်သင့်သည့်အချိန်ကာလတစ်ခု ပေးရမည်ဖြစ်**

**(ယမန်နေ့မှအဆက်)**

Trend ဂျာနယ်မှ အယ်ဒီတာချုပ် ဦးဝဏ္ဏက Passport လုပ်ရန် တော်တော်လေး အခက်အခဲဖြစ်နေကြကြောင်း၊ လုပ်သည့်လူဦးရေသည်လည်းများကြောင်း၊ လုပ်ရသည့် ဈေးနှုန်းလည်းတက်နေကြောင်း၊ ယနေ့ပေါက်ဈေးဆိုလျှင် Passport တစ်အုပ်ကို ငါးသိန်းဟု ကြားသိရကြောင်း၊ ယခု Online တွင် Booking တင်သော်လည်း တကယ် အခက်အခဲရှိသူကများနေကြောင်း၊ ပြည်ပထွက်သည့်သူများကလည်း အလွန်များကြောင်း၊ နိုင်ငံတော် အနေဖြင့်အဆင်ပြေအောင် မည်သို့လုပ်ဆောင်ပေးမည်ကိုသိလိုကြောင်း၊ မြန်မာနိုင်ငံမှ ထွက်သွားပြီး နိုင်ငံခြားတွင်အလုပ်လုပ်သည့် အလုပ်သမားများက နိုင်ငံခြားမှ ငွေလွှဲကြကြောင်း၊ Hundiနှင့် ပြည်ပမှ ငွေလွှဲကြကြောင်း၊ အစိုးရအနေဖြင့် အခွန်ရရှိရန်အတွက် ဘဏ်၊ သက်ဆိုင်ရာသံရုံး၊ အစိုးရနှင့် အလုပ်သမားမိသားစုများ ကွန်ရက်လုပ်ရန် အစီအစဉ်ရှိ၊ မရှိသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က Passport နှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက အဓိကထားလုပ်ဆောင်နေခြင်းလည်းရှိကြောင်း၊ တချို့သတင်းဌာနများ၊ တချို့ကိုယ်တိုင် Passport လုပ်သူများ၏ ပြောပြချက်အရ ကြားသိရသည်များလည်းရှိကြောင်း၊ မိမိအနေဖြင့်ပြောလိုသည်မှာ မြေပြင်တွင်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များသည် တချို့နေရာများတွင် နှောင့်နှေးကြန့်ကြာမှုများရှိကြောင်း၊ ယခုအချိန်တွင် လုံခြုံရေးအရ စိစစ်ရမှုအခြေအနေများကြောင့် နှောင့်နှေးကြန့်ကြာရသည်ကိုလည်း သတင်းထောက်ကြီးတို့ သိပြီးလိမ့်မည်ဖြစ်ကြောင်း၊ အကြောင်းရင်းကို စစ်ဆေးပြီးလျှင် ပြေလည်အောင်၊ ယခုထက်ပိုပြီး မြန်ဆန်ရန် လုပ်ဆောင်သွားနိုင်မည့် အစီအစဉ်များကို မိမိတို့လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ Hundi ဖြင့် ငွေလွှဲသည့်ကိစ္စနှင့်ပတ်သက်၍ ဘဏ်၊ သက်ဆိုင်ရာသံရုံး၊ အစိုးရနှင့် လုပ်သားမိသားစုများအတွက် အာမခံနိုင်သည့်ကွန်ရက်ကို အကြောင်းအရာ မှတ်သားပြီး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ Passport နှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနမှ လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဖြေဆိုပေးပါရန် မေတ္တာရပ်ခံပါကြောင်း ပြန်လည်ဖြေကြားသည်။

**ပွဲစားများနှင့် လုပ်ဆောင်ရာတွင်**
**မလိုအပ်သည့် ကုန်ကျစရိတ်များရှိနိုင်**

ပြည်ထဲရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက Passport နှင့်ပတ်သက်၍ မိမိတို့တွင် လုပ်ငန်းစဉ်များလည်းရှိကြောင်း၊ Online မှလည်း လျှောက်၍ရကြောင်း၊ ကိုယ်တိုင်လည်းလျှောက်ထားနိုင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း ဌာနခွဲများအနေဖြင့် လုပ်ပေးနေသည်များလည်းရှိကြောင်း၊ သို့သော် တချို့သည် ကိုယ်တိုင်မလုပ်ဘဲ ကြားထဲကပွဲစားများနှင့် လုပ်နေသည်များရှိကြောင်း၊ ထိုသို့ ပွဲစားများနှင့် လုပ်ဆောင်ရာတွင် မလိုအပ်သည့် ကုန်ကျစရိတ်များရှိနိုင်ကြောင်း၊ မိမိတို့သတ်မှတ်ထားသည့်နည်းလမ်းဖြင့် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်မည်ဆိုလျှင် ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ Passport လုပ်ဆောင်ရာတွင် ကြန့်ကြာသည်ဆိုသည်မှာ တစ်ရက်ကို လူပေါင်း ၂၅၀၀ ခန့် လျှောက်ကြကြောင်း၊ Passport ထုတ်ပေးရာတွင် အလွယ်တကူထုတ်ပေး၍မရကြောင်း၊ လူတစ်ဦးချင်းနှင့်ပတ်သက်၍ လိုအပ်သည့်စာရွက်စာတမ်းများကို စိစစ်ရသည်များရှိကြောင်း၊ နောက်ကြောင်းရာဇဝင်များကို စိစစ်ရသည်များလည်းရှိကြောင်း၊ Passport လျှောက်ထားသူများ၏ ပြစ်မှုကင်းရှင်းခြင်း ရှိ၊ မရှိ ကိုလည်း စစ်ဆေးရသည်များလည်း ရှိသည့်အတွက်ကြောင့် ထိုက်သင့်သည့်အချိန်ကာလတစ်ခု ပေးရမည်ဖြစ်ကြောင်းကို နားလည်ပေးရန်လိုအပ်ပါကြောင်း ဖြေကြားသည်။

**Bloomberg Myanmar သတင်းဌာနမှ သတင်းထောက် ဒေါ်ပိုးသီဂီကျော်**က မော်တော်ယာဉ်လုပ်ငန်းနယ်ပယ်ဆိုသည်မှာ ယာဉ်များတင်သွင်းမှု၊ တင်ပို့မှု၊ တပ်ဆင်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုများသာမက ယာဉ်များကိုပြင်ဆင်ထိန်းသိမ်းမှု၊ ယာဉ်အပိုပစ္စည်းရောင်းဝယ်မှုများနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအမြဲရှိနေသည့် လုပ်ငန်းနယ်ပယ်တစ်ခုဖြစ်ကြောင်း၊ ပြည်တွင်းကားဈေးကွက်တွင် Model အမြင့်ကားများနှင့် Model အနိမ့်ကားများပါမကျန် ဈေးနှုန်းများမြင့်ပြီး ဈေးကွက်လှုပ်ခတ်မှုပြင်းထန်နေကြောင်း၊ အမေရိကန်ဒေါ်လာနှင့် ကျပ်ငွေလဲလှယ်နှုန်း ပြောင်းလဲမှုများကြောင့်လည်း ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သည့် ကားကုမ္ပဏီများအတွက် ဈေးနှုန်းပြင်ဆင်ရမည့် အခြေအနေများလည်းရှိလာသကဲ့သို့ ကားတင်သွင်းမှု ရပ်ဆိုင်းနေခြင်းကြောင့် ဈေးကွက်တွင် ဝယ်လိုအားနှင့် ရောင်းလိုအား ဟန်ချက်ပျက်နေကြောင်း၊ ပြည်ပမှ တိုက်ရိုက်ဖွင့်ထားသည့် Car Showroom ကြီးများကလည်း ကားတင်သွင်းခွင့်မရ၍ ခက်ခဲနေသည်ဟု သိရကြောင်း၊ ထိုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်ကဲ့သို့ကိုင်တွယ်စီမံပံ့ပိုးပေးရန်ရှိသည်ကို သိလိုကြောင်း၊ ထို့ပြင် တချို့လုပ်ငန်းများ၏ အစိုးရနှင့် ချုပ်ဆိုထားသည့်အခြေအနေများမှာ လက်ရှိအခြေအနေအရ အဆင်မပြေမှုများ ရှိလာပါကြောင်း၊ ယင်းအတွက်ကြောင့် ထိုစာချုပ်များကိုလည်း ပြန်လည်စဉ်းစားဆောင်ရွက်ပေးရန် ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

**လောလောဆယ်တွင်ရပ်ဆိုင်းထားမည်**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ကားနှင့်ပတ်သက်၍ အထူး Permit နှင့် တင်သွင်းထားသည့်ကိစ္စမှအပ ကျန်သည့်ကိစ္စများကို လောလောဆယ်တွင် ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း၊ အများပြည်သူနှင့်သက်ဆိုင်သည့် သယ်ယူပို့ဆောင်ရေး (Public Transportation) ကို အထူးကိစ္စအနေဖြင့် မိမိတို့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ အထူးကိစ္စရပ်များတွင် ဥပမာ အားကစားသမားများကို ကား Permit တင်သွင်းခွင့်ပေးခြင်းမျိုးမှအပ ကျန်သည့်ကိစ္စများကို ကန့်သတ်မှုများ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း၊ ကန့်သတ်မှုများဆက်ရှိနေရသည့် အကြောင်းအရာများလည်းရှိကြောင်း၊ ထိုကန့်သတ်မှုများနှင့်ပတ်သက်၍ ဖြေလျှော့ရန်အချိန်တန်သည့်အချိန်ရောက်မှ ဖြေလျှော့ပေးနိုင်မည်ဟု မိမိပြောလိုကြောင်း ဖြေကြားသည်။

**One News သတင်းဌာနမှ အယ်ဒီတာ ဦးသွင်ထူးအောင်**က မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဇူလိုင် ၂ ရက်မှ ဇူလိုင် ၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဟု သိရကြောင်း၊ ထိုအစည်းအဝေးတွင် မည်သည့်ကိစ္စများကို ပြုလုပ်ရန်ရှိသလဲ၊ ထိုအစည်းအဝေးပွဲမှ မည်သည်တို့ကို ဆက်လက်လုပ်ဆောင်သွားရန် စီစဉ်ထားရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က မဲခေါင်-လန်ချန်း ကိစ္စနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ထားသည့်ရက်များတွင် မိမိတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ တက်လိမ့်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြားတွင် ချုပ်ဆိုမည့် စာချုပ်များကိုလည်း ချုပ်ဆိုမည်ဖြစ်ကြောင်း၊ ထို့အပြင် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသေးစိတ်အချက်အလက်များကို အစည်းအဝေးပြီးသည့်နေ့တွင် သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ပေးရန်ရှိကြောင်း၊ အချိန်မီလည်း မိမိတို့ သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ရက်၊ လ အနည်းငယ်ကျော်လွန်နေကြသေး**

**Myanmar Nation Voice သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က ဒေါ်အောင်ဆန်းစုကြည်ကို ကျခံရမည့်ပြစ်ဒဏ်များမှ ထက်ဝက်ခန့် လျှော့ပေးခဲ့ပါကြောင်း၊ CDM များကို ပြန်ခေါ်ခဲ့ပါကြောင်း၊ ပုဒ်မ ၅၀၅ ဖြင့် အမှုဖွင့်ခံထားရသူများကို ဖြေလျှော့ပေးခဲ့ပါကြောင်း၊ တောခိုသွားသည့်သူများကို ပြန်ခေါ်ပေးခဲ့ပါကြောင်း၊ ဝန်ထမ်းများ၏ အသက်ပြည့်ပင်စင် အသက် ၆၀ မှ ၆၂ နှစ်အထိ သတ်မှတ်ပေးခဲ့ခြင်းကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်ပြောခဲ့သကဲ့သို့ ယခုနှစ်ဆယ်တန်းစာမေးပွဲကို ဖြေဆိုခဲ့ရသည့်သူများသည် အခက်အခဲများစွာနှင့် စာမေးပွဲကို ဖြေဆိုခဲ့ရသည်ကို ဗိုလ်ချုပ်ကိုယ်တိုင်လည်းသိရှိပြီးဖြစ်သည်ကို ပြောကြားခဲ့ပါကြောင်း၊ ယခု DSA၊ DSMA၊ DSTA များ လျှောက်ထားရန် အသက်ကန့်သတ်ချက်ကို ခြောက်လ တိုးပေးခဲ့ပါကြောင်း၊ သို့သော် တပ်မတော်ရင်ခွင်ကို ခိုလှုံလိုသည့် တချို့သောသားငယ်သမီးငယ်များသည် ရက်၊ လ အနည်းငယ်ကျော်လွန်နေကြသေးပါကြောင်း၊ ၁၉၈၉ ခုနှစ်တွင် ပညာသင်နှစ်တစ်နှစ် ရပ်နားခဲ့ရသော်လည်း ယခုလိုရပ်နားခဲ့ရခြင်းမျိုးနှင့် လုံးဝမတူပါကြောင်း၊ ယခုကာလသည် တပ်မတော်ကို ချစ်သူ၊ မုန်းသူများက တစ်အိမ်တည်းမှာကို ကွဲပြားနေကြပါသေးကြောင်း၊ ယခုတပ်မတော်ထဲသို့ ဝင်လိုသူများသည် အဓိကမှာ အလုပ်အကိုင်အခွင့်အလမ်းကြောင့် မဟုတ်ဘဲ တပ်မတော်ကိုချစ်ခင်မြတ်နိုးသည့်အတွက် တပ်မတော်၏ရင်ခွင်ကို ခိုလှုံလိုခြင်းကြောင့်ဆိုသည်မှာ ငြင်းမရသည့်အချက်တစ်ချက်ဖြစ်ကြောင်း၊ တပ်မတော်ကို မုန်းစိတ်ဝင်နေသူများ၏အလယ် တပ်မတော်ရင်ခွင်ကို ခိုလှုံလိုသည့် သားငယ်သမီးငယ်များ မိဘရင်ခွင်မှ တပ်မတော်ရင်ခွင်ကို ပေးအပ်လိုသည့် မိဘများအတွက် ဝင်ခွင့်များကို ၁၉ နှစ်ဟု သတ်မှတ်ပြီး တပ်မတော်အတွက် သေသေချာချာစိစစ်ရွေးချယ်ပေးပါရန် တောင်းဆိုမှုများများပြားလာပါက ၁၉ နှစ်သို့ ပြောင်းလဲသတ်မှတ်ပေးလိုခြင်း ရှိ၊ မရှိ သိလိုပါကြောင်း၊ ဗိုလ်ချုပ်အနေဖြင့်လည်း ယခုမေးမြန်းချက်ကို သက်ဆိုင်ရာအဆင့်ဆင့် တင်ပြပေးလိုပါသလားသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က DSA၊ DSTA၊ DSMA၊ ဆေးဘက်ဆိုင်ရာနှင့်ပတ်သက်သည့် အမျိုးသမီးများကို ခေါ်ရာတွင် ယခု ၁-၁-၂၀၂၃ ရက်တွင် ၁၈ နှစ်ထက်မကျော်ရဟုသတ်မှတ်ကြောင်း၊ နောက်ပိုင်းတွင် ၁၈ နှစ် ၆လ ထက်မကျော်ရဟု သတ်မှတ်ကြောင်း၊ ထိုသို့လုပ်ဆောင်သည်မှာလည်း ပြည်သူလူထုက တောင်းဆို၍ မိမိတို့က သတ်မှတ်ပေးခြင်းဖြစ်ကြောင်း၊ မိဘပြည်သူများကိုယ်တိုင်လည်း ပြောကြောင်း၊ ဖြေဆိုလိုသည့် ကလေးများကိုယ်တိုင်ကလည်း ပြောကြောင်း၊ ၎င်းတို့အနေဖြင့် သတင်းထောက်ကြီး ပြောခဲ့သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းဆိုသည်ထက် အမှန်တကယ်ကို

**စာမျက်နှာ ၁၁ သို့** ■

■ စာမျက်နှာ ၁၀ မှ

တပ်မတော်ကိုချစ်၍ အမျိုးကိုချစ်၍ တပ်မတော်သို့ ဝင်လိုခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကလည်း ၁၈ နှစ် ၆ လအထိ တိုးပေးလိုက်ခြင်းဖြစ်ကြောင်း၊ ရပ်နားခဲ့ရသည့် အချိန်နှင့် ပျမ်းမျှတွက်ခြင်းဖြစ်ကြောင်း၊ ယခု ပြောကြားချက်ကိုလည်း ဆက်လက်ပြီး တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မိဘပြည်သူများကလည်း ၁၉ နှစ်အထိ တိုးပေးရန် ပြောနေသည်များရှိပါကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ မိမိတို့အဆင့်ဆင့်တင်ပြပေးမည်ဖြစ်ကြောင်း၊ ယခုပြောကြားသည့်ကိစ္စများနှင့် အပြင်၌ မိဘပြည်သူများ ပြောကြားသည့် လိုလားချက်များကိုလည်း သိရှိပါသည်ဟု မိမိအနေဖြင့် ပြောကြားလိုပါကြောင်း။

## ပန်းပေါင်းတစ်ရာပွင့်ပါစေ

နိုင်ငံတစ်နိုင်ငံကို ထူထောင်သည့်နေရာတွင် ဒီမိုကရေစီနိုင်ငံတော်ဟု ပြောမည်ဆိုလျှင် နောက်ကလိုက်ရမည့်စကားသည် ပန်းပေါင်းတစ်ရာပွင့်ပါစေဆိုသည့် စကားပင်ဖြစ်ပါကြောင်း၊ အမြင်မတူ၊ သဘောထားကွဲလွဲနေသူများလည်း ရှိပါကြောင်း၊ အမြင်မတူသဘောထားကွဲလွဲနေသည့်သူများသည် တပ်မတော်ကြောင့်၊ တပ်မတော်ကြောင့်ဆိုပြီး ပြောကြကြောင်း၊ ယခုအချိန်တွင် လက်တွေ့လုပ်နေရသည့် မည်သည့်ဘက်မှမပါသည့် စီးပွားရေးသမားများ၊ မည်သည့်ဘက်မှမပါသည့်သူများ၊ နောက်ဆုံးပြောရမည်ဆိုလျှင် မည်သည့်ဘက်မှမပါဘူးဆိုသည့် မီဒီယာများကို အပြင်မှာလက်တွေ့မေးကြည့်စေလိုကြောင်း၊ စစ်တပ်ကိုကြောက်ရသလားဟု တည့်တည့်မေးကြည့်စေလိုပါကြောင်း၊ မည်သူမျှစစ်တပ်ကို မကြောက်ရကြောင်း၊ လက်တွေ့တကယ်ဖြစ်နေသည်မှာ PDF ကိုသာ ကြောက်နေရခြင်းဖြစ်ကြောင်း၊ ပါးစပ်ကထုတ်မပြောရဲလို့သာ ထုတ်မပြောဖြစ်ကြောင်း၊ အားလုံးသည် ထိုကဲ့သို့ဖြစ်နေခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ တကယ်အကြမ်းဖက်လုပ်နေသည်မှာ မည်သူတွေလုပ်နေသည်ကို သိရန်လိုပါကြောင်း၊ တချို့မီဒီယာများသည် သိလျက်နှင့်မပြောကြကြောင်း၊ မျိုးချစ်များအနေဖြင့် လုပ်ကြံသတ်ဖြတ်ခံရခြင်းများ၊ ဗုံးခွဲခံရခြင်း၊ ခြိမ်းခြောက်ခြင်းများကို ခံရသည်ကိုလည်း မိမိတို့သိရပါကြောင်း၊ အဓိကပစ်မှတ်ထားပြီးလုပ်နေသည်မှာ ၎င်းတို့နှင့်ပြိုင်ဘက်နိုင်ငံရေးပါတီဝန်းရံသူများ၊ မြို့င်တွင်ဖြစ်ခဲ့သည့် ဒေါ်နန္ဒာတို့လိုလူများကဲ့သို့ ဝန်းရံသူများ၊ ယခင်ကတည်းကတိုင် မျိုးချစ်၊ အမျိုးသားရေးတွင် တက်ကြွလှုပ်ရှားသူများသာ လုပ်ကြံခံနေရ၊ သတ်ဖြတ်ခံနေရခြင်းဖြစ်ကြောင်း၊ တကယ့်အကြမ်းဖက်မှာ မည်သူဆိုသည်ကို သိလျက်နှင့် နားပိတ်၊ မျက်စိပိတ်နေရခြင်းဖြစ်ကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍လည်း မိမိ



အနေဖြင့် အသိအမှတ်လည်းပြုပါကြောင်း၊ ဝမ်းလည်းနည်းပါကြောင်း၊ မိမိတို့အနေဖြင့် လုံခြုံရေးအရ ပိုမိုစောင့်ရှောက်နိုင်စေရန်အတွက်လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် သက်ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်ပေးပါဟု မိမိတို့ပြောလိုကြောင်း၊ ထိုသို့ ချိတ်ဆက်ဆောင်ရွက်နိုင်စေရန်အတွက်လည်း မိမိတို့ ကြိုးစားဆောင်ရွက်ပေးသွားမည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

**ရွှေတြိဂံသတင်းလွှာဂျာနယ်မှ သတင်းထောက် ဦးထွန်းထွန်းဝင်း(ခ)ကိုထွန်း (မိုင်းဖြတ်)**က ယခုလပိုင်းများတွင် အာဆီယံနိုင်ငံတချို့က ပြင်းပြင်းထန်ထန်ဝေဖန်ခြင်း၊ ယခုထက်ပိုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အရေးယူပေးရန် ပြောလာခြင်းများ မိမိတို့တွေ့ရပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းလိုလိုကလည်း NUG နှင့် ပေါ်ပေါ်တင်တင် ဖြောင်ကျကျ တွေ့ဆုံခြင်းသော်လည်းကောင်း၊ သို့မဟုတ် တရားဝင်မထုတ်ပြန်ဘဲ တွေ့ဆုံခြင်းမျိုးများရှိနေပါကြောင်း၊ ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရှိ တချို့အကြံပေးပုဂ္ဂိုလ်များကလည်း ယခုထက်ပိုပြီးဖြစ်လာမည်ဆိုလျှင် အာဆီယံအစုအဖွဲ့မှ ထွက်ရန်အကြံပေးခြင်းများကိုလည်း မိမိတို့တစ်ဆင့်စကားများမှ ကြားသိရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အာဆီယံထဲမှ ထွက်မည်ဆိုသည့် စဉ်းစားချက်မျိုး ရှိ၊ မရှိ သိလိုကြောင်း၊ အနောက်နိုင်ငံများဖြစ်သည့် EU နိုင်ငံများအပါအဝင် အာဆီယံနိုင်ငံများနှင့် ဆက်ဆံရေးတွင်လည်း သံတမန်ရေးရာ လျှော့ချခြင်းများကိုလည်း မိမိတို့တွေ့နေရကြောင်း၊ ယခုရက်ပိုင်းတွင် ပိုမိုဖြစ်နေသည်မှာ Statement War ဖြစ်ကြောင်း၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ Statement များထုတ်ပြီး ကန့်ကွက်နေခြင်းများ၊ အပြန်အလှန်ထုတ်ပြန်နေခြင်းများကို မိမိတို့တွေ့နေရပါကြောင်း၊ လန်ချန်း-မဲခေါင်နှင့်ပတ်သက်ပြီး ဗိုလ်ချုပ်ပြောကြားသွားသည်များလည်းရှိကြောင်း၊ ယခုရက်ပိုင်းတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးလာမည်၊ ထို့ပြင် အာဆီယံနှင့်ပတ်သက်သည့် နိုင်ငံခြားရေးဝန်ကြီးများလည်း လာမည်ဟု ဗိုလ်ချုပ်ပြော၍ မိမိတို့သိရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အာဆီယံမှ ထွက်မည်ဆိုသည့် စဉ်းစားချက် ရှိ/မရှိနှင့် လန်ချန်း-မဲခေါင်ကဲ့သို့ Other Platform များကို အသုံးပြု၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အနောက်နိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရန် အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းသည်။

## အာဆီယံပဋိညာဉ်စာတမ်းပါ မူများနှင့်ကွဲလွဲ

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က နိုင်ငံခြားဆက်ဆံရေးနှင့်ပတ်သက်၍ မူဝါဒများလည်း ရှိပါကြောင်း၊ အခြေခံဥပဒေပါ မူဝါဒများနှင့်အညီ မိမိတို့ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံ၏ ပဋိညာဉ်စာတမ်းပါ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အာဆီယံ၏ အစဉ်အလာပြဋ္ဌာန်းချက်ကို ယုံကြည်သက်ဝင်၍ ၁၉၉၇ ခုနှစ်ကတည်းက မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံအဖြစ်မဝင်ခင်ကလည်း စဉ်းစားချက်များ များစွာရှိကြောင်း၊ ထိုအချိန်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရလက်ထက်တွင် အာဆီယံအဖွဲ့သို့ ဝင်ရေး၊ မဝင်ရေးနှင့်ပတ်သက်၍ စဉ်းစားချက်များစွာလည်း ရှိပါကြောင်း၊ အာဆီယံနိုင်ငံအဖြစ်ဝင်နိုင်ရန် အကူအညီပေးသည်မှာ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမဟာသီယာက အကူအညီပေးခြင်းဖြစ်ကြောင်း၊ ထိုအချိန်မှစပြီး ကူညီပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများနှင့် ပတ်သက်၍ အာဆီယံအဖွဲ့ဝင်တချို့၏ ပြောဆိုချက်၊ လုပ်ဆောင်ချက်များသည် အာဆီယံပဋိညာဉ် စာတမ်းပါမူများ၊ လုပ်ထုံးလုပ်နည်းများ၊ အစဉ်အလာများနှင့် ကွဲလွဲနေသည်များကိုလည်း မိမိတို့တွေ့ရပါကြောင်း။

အာဆီယံ ပဋိညာဉ်စာတမ်း အပိုဒ် ၂ တွင်ပါသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး၏ လွတ်လပ်ခွင့်၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူညီတူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာရန်ဆိုသည့် ပြဋ္ဌာန်းချက်များကိုလည်း ကျော်လွန်ပြီး လုပ်ဆောင်နေသည်များကိုလည်း တွေ့ရပါကြောင်း၊ အပိုဒ် ၅ တွင်ပါသည့် အဖွဲ့ဝင်နိုင်ငံများသည် တူညီသည့်အခွင့်အရေးနှင့် တာဝန်များရှိရမည်ဆိုသည့် ပြဋ္ဌာန်းချက်နှင့်လည်း ကိုက်ညီမှုမရှိသည့်အတွက် ထိုအကြောင်းအရာများကို မြန်မာနိုင်ငံက အမြဲတမ်းထောက်ပြကန့်ကွက်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ် ၂ တွင် ရှင်းလင်းစွာဖော်ပြထားသည့် နိုင်ငံများ၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှု စည်းမျဉ်းများလိုက်နာရန် ပျက်ကွက်လျက်ရှိနေသည်များကိုလည်း အသိပေးကန့်ကွက်လျက်ရှိပါကြောင်း၊ အာဆီယံနိုင်ငံများအထဲက မည်သည့်နိုင်ငံများက မြန်မာနိုင်ငံနှင့်ပတ်သက်၍ အမြဲတမ်းဝေဖန်မှုများ လုပ်နေသည်၊ အမြဲတမ်းကန့်ကွက်နေသည် ဆိုသည်ကိုလည်း မိမိတို့တွေ့ရမည်ဖြစ်ကြောင်း။

မဲခေါင်-လန်ချန်းဒေသနှင့်ပတ်သက်၍ မဲခေါင်-လန်ချန်းအစည်းအဝေးကို မြန်မာနိုင်ငံတွင် မိမိတို့ဆောင်ရွက်နိုင်ခြင်းသည် မဲခေါင်မြစ်ဝှမ်းနိုင်ငံများ၏ တပေါင်းတစည်းတည်းရှိမှုကို ပြသခြင်းဖြစ်သည်ဟုမိမိပြောခဲ့ပါကြောင်း၊ ထိုစကား၏နောက်ကွယ်တွင် အဓိပ္ပာယ်အများကြီးရှိပါကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားအကျိုးစီးပွားအတွက် သင့်တော်သည့် တုံ့ပြန်မှုများကို အာဆီယံပဋိညာဉ်စာတမ်း၏ နောက်ဆက်တွဲ သဘောတူညီချက်၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သတင်းထောက်ကြီး မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ပြောရမည်ဆိုလျှင် နိုင်ငံခြားဆက်ဆံရေး နိုင်ငံတကာဆက်ဆံရေးတွင် ထင်ရှားသည့် စကားနှင့်သာ မိမိပြောလိုပါကြောင်း၊ နိုင်ငံခြားဆက်ဆံရေး နိုင်ငံတကာဆက်ဆံရေးတွင် ထာဝရမိတ်ဆွေ၊ ထာဝရရန်သူဟူ၍ မရှိပါကြောင်း၊ ထာဝရအကျိုးစီးပွားဖက်ဆိုသည်သာရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း ထာဝရအကျိုးစီးပွားကိုသာကြည့်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွား မြန်မာပြည်သူလူထု၏ အကျိုးစီးပွား၊ ထာဝရအကျိုးစီးပွားကိုသာ မိမိတို့လက်ကိုင်ထားပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ရွှေတြိဂံသတင်းလွှာဂျာနယ်မှ သတင်းထောက် ဦးထွန်းထွန်းဝင်း**က မိမိမေးခဲ့သည့် Other Platform များကိုအသုံးပြုရန် ရှိ၊ မရှိကိစ္စကို သိလိုပါကြောင်း ထပ်မံမေးမြန်းသည်။

## ဥရောပ-အာရှ စီးပွားရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်နိုင်ရေး ဆောင်ရွက်

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က လက်ရှိလည်းအသုံးပြုလျက်ရှိပါကြောင်း၊ ဒေသအတွင်း ထိုသို့ Platform များသာမက မကြာသေးမီအချိန်က ဥရောပ-အာရှ စီးပွားရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်နိုင်ရေး မိမိတို့ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးများကလည်း ရုရှားနိုင်ငံနှင့် သက်ဆိုင်ရာနိုင်ငံများ၌ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် တချို့သော ကမ္ဘာ့အဖွဲ့အစည်းများတွင်လည်း မိမိတို့ဝင်ရောက်နိုင်ရန်၊ တခြားသောနည်းလမ်းများနှင့်ဝင်ရောက်နိုင်ရေး တခြားသောအဖွဲ့အစည်းများတွင် ဝင်ရောက်နိုင်ရန် မိမိတို့ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

**နိုင်ငံခြားဆက်ဆံရေး နိုင်ငံတကာဆက်ဆံရေးတွင် ထာဝရမိတ်ဆွေ၊ ထာဝရရန်သူဟူ၍ မရှိပါကြောင်း၊ ထာဝရအကျိုးစီးပွားဖက်ဆိုသည်သာရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်လည်း ထာဝရအကျိုးစီးပွားကိုသာကြည့်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွား မြန်မာပြည်သူလူထု၏ အကျိုးစီးပွား၊ ထာဝရအကျိုးစီးပွားကိုသာ မိမိတို့လက်ကိုင်ထားပြီး ဆက်လက်ဆောင်ရွက်သွားမည်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂၄ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၆၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၀၆,၆၁၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၆၉၅) ဦးရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၆၀၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှု အခြေအနေ (၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၇၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၄၀) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၆၁၄) ခု | (၁၂) ဦး |
| စုစုပေါင်း | (၄,၉၆၆) ခု | (၁၂) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၉၉၃၀၄၆၃ | ၈၅၅၀၈၉၆၁ | ၁၀၄၄၅၅၇ |
| ၂။ | အိန္ဒိယ | ၄၃၅၆၈၈၈၄ | ၄၂၉၂၀၉၇၇ | ၅၂၅၃၀၅ |
| ၃။ | ဘရာဇီး | ၃၂၆၈၇၆၈၀ | ၃၁၀၇၇၅၃၈ | ၆၇၂၈၂၉ |
| ၄။ | ပြင်သစ် | ၃၁၈၁၃၃၄၂ | ၂၉၈၇၈၉၉၉ | ၁၄၉၈၅၄ |
| ၅။ | ဂျာမနီ | ၂၈၀၀၈၆၁၄ | ၂၇၀၅၉၇၀၀ | ၁၄၁၆၂၇ |
| ၆။ | ဗြိတိန် | ၂၂၈၈၃၉၉၅ | ၂၂၂၁၅၈၀၃ | ၁၈၀၇၁၈ |
| ၇။ | အီတလီ | ၁၉၀၄၈၇၈၈ | ၁၇၇၃၃၉၈၄ | ၁၆၈၇၇၀ |
| ၈။ | တောင်ကိုရီးယား | ၁၈၄၅၁၈၆၂ | ၁၈၂၅၁၉၆၉ | ၂၄၅၉၃ |
| ၉။ | ရုရှား | ၁၈၄၅၁၈၁၀ | ၁၇၈၈၀၁၉၁ | ၃၈၁၄၅၀ |
| ၁၀။ | တူကီယဲ | ၁၅၁၈၀၄၄၄ | ၁၅၀၃၅၇၂၇ | ၉၉၀၅၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၅၂၁၄၀ | ၉၇၄၁၁၁၀ | ၄၃၀၈၉ |
| ၂။ | အင်ဒိုနီးရှား | ၆၁၀၃၅၅၂ | ၅၉၂၇၇၃၀ | ၁၅၆၇၇၆ |
| ၃။ | မလေးရှား | ၄၅၈၂၃၀၂ | ၄၅၁၄၉၇၀ | ၃၅၇၉၂ |
| ၄။ | ထိုင်း | ၄၅၃၈၈၁၁ | ၄၄၈၃၁၂၉ | ၃၀၇၈၁ |
| ၅။ | ဖိလစ်ပိုင် | ၃၇၁၃၁၃၁ | ၃၆၄၁၁၃၆ | ၆၀၆၂၅ |
| ၆။ | စင်ကာပူ | ၁၄၉၅၉၅၃ | ၁၃၉၃၄၄၃ | ၁၄၂၃ |
| ၇။ | မြန်မာ | ၆၁၃၆၉၅ | ၅၉၂၆၀၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၃၄၁ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၆၉၈၄၈ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၃၁၄ | ၁၃၃၂၀၆ | ၃၀၅၆ |

## (၇၅)နှစ်မြောက် အာဇာနည်နေ့အကြောင်း အသိပညာပေးဟောပြောပွဲ ပြုလုပ်

**အုတ်တွင်း ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း (ကသစ်တန်း)၌ (၇၅)နှစ်မြောက် အာဇာနည်နေ့အကြောင်း ဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပကြောင်း သိရသည်။

**ဆွေးနွေးပြောကြား**

အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်မာက အာဇာနည်နေ့ဖြစ်ပေါ်လာပုံအကြောင်း အရာနှင့် အာဇာနည်ကိုးဦး၏ သမိုင်းအကျဉ်းများအား ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများအား ရှန်တီစေတနာ့ဝန်ထမ်းများနှင့် ဦးစီးဌာနမှ ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းများဖြစ်သည့် ပုံပြင်ပြောပြခြင်း၊ စာအုပ်စာစောင်များ ဖတ်ရှုခြင်း၊ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ပေးခြင်းဖြင့် ကလေးသူငယ်များ ဉာဏ်ရည်ဖွံ့ဖြိုး တိုးတက်စေရန်နှင့် တစ်ဦးနှင့်တစ်ဦး အချင်းချင်းရင်းနှီးမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ပေးခဲ့ကြကြောင်းနှင့် ကလေးသူငယ်များ စာဖတ်သည့် အလေ့အကျင့်များ ရရှိစေရန် စာဖတ်ဝိုင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**ဒိုက်ဦး ဇူလိုင် ၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမှ တောင်သူများသို့ ထုတ်ချေးခဲ့သည့် ၂၀၂၂ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၃ ရက်မှစတင်၍ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးစရိတ်ချေးငွေအတွက် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် ကျေးရွာအုပ်စု ၁၄ အုပ်စု တောင်သူ ၂၀၇ ဦး၏ စိုက်ဧက ၁၅၆၆ ဧကအတွက် ငွေကျပ် ၂၃၄၉ သိန်းကို ထုတ်ချေးပြီး ချေးငွေပြေကျေပြီးသည့် တောင်သူများအား စက်တင်ဘာလကုန်အထိ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ဒိုက်ဦး)**

# စီးပွားရေးအကျပ်အတည်းကျော်လွှားနိုင်ရန် သီရိလင်္ကာသမ္မတ ရာဂျာပတ်ဆာက ရုရှားသမ္မတပူတင်ထံ အကူအညီတောင်းခံ

ကိုလံဘို ဇူလိုင် ၇

သီရိလင်္ကာနိုင်ငံသည် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရစဉ် သီရိလင်္ကာသမ္မတ ဂိုတာဘာယာ ရာဂျာပတ်ဆာက ရုရှားသမ္မတ ဗလာဒီမာပူတင်အား လောင်စာဆီထောက်ပံ့မှု အပါအဝင် စီးပွားရေးဆိုင်ရာ အထောက်အပံ့များပေးရန် ယမန်နေ့တွင် တောင်းဆိုခဲ့ကြောင်း သိရသည်။

သမ္မတရာဂျာပတ်ဆာက သီရိလင်္ကာနိုင်ငံအား ကူညီထောက်ပံ့မှုများပေးရန် သမ္မတပူတင်ထံ ၎င်း၏ တွစ်တာစာမျက်နှာမှတစ်ဆင့် တောင်းခံခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံအပေါ် ရုရှားနိုင်ငံ၏ ယခင် ထောက်ပံ့ပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် လက်ရှိရင်ဆိုင်နေရသည့် အကျပ်အတည်းကို ကျော်လွှားနိုင်ရန် လောင်စာဆီများ ထောက်ပံ့ပေးစေလိုကြောင်း ရာဂျာပတ်ဆာက ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံသို့ ရုရှားခရီးသည်လေကြောင်းများ ပြန်လည်ပြေးဆွဲရန်ကိုလည်း ရာဂျာပတ်ဆာက တောင်းခံခဲ့သည်။

သီရိလင်္ကာနိုင်ငံသည် လက်ရှိအချိန်တွင် စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။ အခြေခံ အဆောက်အအုံစီမံကိန်းများမှ ကြီးမားသော ပြည်ပကြွေးမြီများ ဆပ်ရန်ကျန်ရှိနေသည်။ ထို့ပြင် နိုင်ငံ၏ နိုင်ငံခြားငွေအရန်ငွေများလည်း လျော့နည်းသွားပြီဖြစ်သည်။

လောင်စာဆီအပါအဝင် မရှိမဖြစ်လိုအပ်သည့် အခြားနိုင်ငံခြားသွင်းကုန်များလည်း ပြတ်လပ်လျက်ရှိသည်။

နိုင်ငံအတွင်းရှိ စာသင်ကျောင်းများကို ဇွန်လနှောင်းပိုင်းမှစ၍ ပိတ်ထားခဲ့ရပြီး သာမန်ဝန်ထမ်းများကိုလည်း နေအိမ်များမှသာ အလုပ်လုပ်ကြရန် အစိုးရက တောင်းဆိုထားသည်။




သီရိလင်္ကာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့အပါအဝင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့ထံမှလည်း အကူအညီများတောင်းခံထားကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ

ဘာသာပြန်- အောင်ကျော်ကျော်

# ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင် ရာထူးမှနုတ်ထွက်မည်

လန်ဒန် ဇူလိုင် ၇

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ကွန်ဆာဗေးတစ်ပါတီအကြီးအကဲရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်းနှင့် ဝန်ကြီးချုပ်ရာထူးတာဝန်များကိုလည်း လာမည့်ဆောင်းဦးရာသီအထိသာ ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်ကြောင်း ဒေသန္တရ မီဒီယာများက ယနေ့သတင်းဖော်ပြသည်။



လာမည့်နွေရာသီတွင် ကွန်ဆာဗေးတစ်ပါတီ အကြီးအကဲရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်ပြီး အောက်တိုဘာလတွင် ကျင်းပမည့် ကွန်ဆာဗေးတစ်ပါတီကွန်ဖရင့်မတိုင်မီ နိုင်ငံ၏ဝန်ကြီးချုပ် အသစ်ကိုလည်း ရွေးချယ်သွားမည်ဖြစ်ကြောင်း မီဒီယာများက ဆိုသည်။

ဘောရစ်ဂျွန်ဆင်၏ဦးဆောင်မှုနှင့်ပတ်သက်ပြီး ကျေနပ်မှုမရှိသည့်အတွက် အစိုးရအဖွဲ့ဝင်အများအပြား နုတ်ထွက်ခဲ့ပြီးနောက် ဘောရစ်ဂျွန်ဆင် ရာထူးမှနုတ်ထွက်သည့် သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ ရာထူးမှ နုတ်ထွက်သည့်အစိုးရအဖွဲ့ဝင် ဦးရေသည် လက်ရှိအချိန်အထိ ၅၀ နီးပါးရှိလာကြောင်း သိရသည်။

လွန်ခဲ့သော လအနည်းငယ်က ဘောရစ်ဂျွန်ဆင်သည် နိုင်ငံရေးအကျပ်အတည်းများကို ဆက်တိုက်ရင်ဆိုင်ခဲ့ရသည်။ ၎င်း၏ ဦးဆောင်မှုအပေါ်ပြည်သူအများအပြားသာမက ကွန်ဆာဗေးတစ်ပါတီဝင်များအကြားတွင်ပါ ဝေဖန်မှုများ မြင့်တက်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီ၏ အနာဂတ်အတွက် ပါတီဝင်များက စိုးရိမ်ပူပန်လျက်ရှိသည်။

၂၀၂၀ ပြည့်နှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်ကာ ပါတီပွဲတက်ရောက်ခဲ့သည့်အတွက် ဒဏ်ကြေးငွေဆောင်ခဲ့ရသည့်အပြင် ဗြိတိန်နိုင်ငံသမိုင်းတွင် ယင်းသို့ ဥပဒေချိုးဖောက်သည့် ပထမဆုံးသော ဗြိတိန်ဝန်ကြီးချုပ်တစ်ဦးဖြစ်လာခဲ့သည်။

ဘောရစ်ဂျွန်ဆင်သည် ၂၀၁၉ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ထောက်ခံမဲအသာစီးရရှိကာ သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။ ယင်းသို့ပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုရရှိခြင်းမှာ ဗြိတိန်နိုင်ငံအား ဥရောပသမဂ္ဂအဖွဲ့မှ နုတ်ထွက်ရန် ဘရက်ဆစ်သဘောတူညီချက်ကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ခဲ့သည့်အတွက်ပင်ဖြစ်သည်။

ကိုးကား- ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

ဘာသာပြန်- အောင်ကျော်ကျော်

# ဆိုက်ပရပ်စ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ မြင့်တက်လာသဖြင့် နှာခေါင်းစည်းဝတ်ဆင်ရန် ညွှန်ကြားချက်ပြန်လည်ထုတ်ပြန်

နီကိုးရှား ဇူလိုင် ၇

ဆိုက်ပရပ်စ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာသဖြင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းအရ အဆောက်အအုံများအတွင်း နှာခေါင်းစည်းပြန်လည်ဝတ်ဆင်ရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး မီကယ်လာက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

ဇွန် လအတွင်းက နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြန်လည်ကျဆင်းလာသဖြင့် နှာခေါင်းစည်းဝတ်ဆင်ရေးစည်းမျဉ်းကို ရုပ်သိမ်းခဲ့သည်။

အဆိုပါညွှန်ကြားချက်အရ လူများပြားသောနေရာများတွင် အသက် ၁၂ နှစ်နှင့်အထက်မှစတင်၍ နှာခေါင်းစည်းဝတ်ဆင်ရမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ဇွန် ၂၅ ရက်မှ ဇူလိုင် ၅ ရက်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၅၀၃ ဦးထပ်မံတွေ့ရှိရပြီး ယခုကဲ့သို့ ရောဂါကူးစက်မှုများပြားလာရခြင်းမှာ ဗီဇပြောင်းဗိုင်းရပ်စ် ဘီအေ-၄ နှင့်ဘီအေ-၅ ကူးစက်မှုများကြောင့်ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# အစ္စရေးနိုင်ငံရှိ အသက်ငါးနှစ်အောက်ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမည်

ဂျေရုဆလင် ဇူလိုင် ၇

အစ္စရေးနိုင်ငံရှိ အသက်ခြောက်လမှ ငါးနှစ်အရွယ်ရှိ ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် အဆိုပါအသက်အရွယ်ရှိ ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း ကျွမ်းကျင်သူများက အတည်ပြုခဲ့ပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနက ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။ နိုင်ငံအတွင်းရှိ ဆေးခန်းများတွင် အသက်ငါးနှစ်အောက်ကလေးငယ်များအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံအလောက်ရရှိစေရန် လာမည့်ရက်သတ္တပတ်များအတွင်း ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနိုင်ငံအတွင်းသုံးစွဲမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါခံစားနေရပြီး ရောဂါခုခံနိုင်စွမ်းနည်းပါးသည့်ကလေးငယ်များနှင့် သင့်တော်ကြောင်း သိရသည်။



နိုင်ငံအတွင်း အသက် ငါးနှစ်မှ ၁၁ နှစ်အရွယ်ရှိ ကလေးငယ်တစ်သန်းရှိသည့်အနက် ၂၂ ဒသမ ၈ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူပြီးစီးကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ယခုနှစ်ပထမခြောက်လအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတကာခရီးသည်ဝင်ရောက်မှုရာခိုင်နှုန်း တိုးတက်လာ

ဖနောင်ပင် ဇူလိုင် ၇

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ်ပထမနှစ်ဝက်အတွင်းပြည်ပမှ ခရီးသည် ၅၁၀၀၀၀ ဝင်ရောက်ခဲ့ပြီး အဆိုပါအရေအတွက်သည် ယမန်နှစ်အလားတူကာလကထက် ၃၉၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ပြောကြားသည်။

ယခုနှစ်ဇန်နဝါရီလမှ ဇွန်လအတွင်း အိမ်နီးချင်း ဗီယက်နမ်နိုင်ငံမှ ခရီးသည်များ နိုင်ငံအတွင်းသို့ဝင်ရောက်မှုအများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံမှ ခရီးသည်များလည်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း လုပ်ငန်းများပြန်လည်ဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှုန်း မြင့်မားခြင်းကလည်း နိုင်ငံအတွင်း ခရီးသည်များပြန်လည်ဝင်ရောက်မှုကို အကူအညီပေးခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ကွန်ဆောပီရက်စ်က ပြောကြားသည်။ နိုင်ငံအတွင်း ပြည်ပနိုင်ငံများမှ ခရီးသည်များအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်ခြင်းမှကင်းလွတ်ခွင့်ပြုထားသောကြောင့် ပြည်ပနိုင်ငံများမှ ခရီးသည်များသည် ကမ္ဘောဒီးယားနိုင်ငံအား လာရောက်ရန်နေရာအဖြစ် သတ်မှတ်ကြမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘောဒီးယား နိုင်ငံ၌ ယခုနှစ်အတွင်းပြည်ပခရီးသည် တစ်သန်းအထိ ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်းနှင့် လူမှုစီးပွားဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကို လက်ရှိအချိန်တွင် ပြန်လည်စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၉ ခုနှစ်အတွင်းက ပြည်ပခရီးသွား ၆ ဒသမ ၆ သန်းဝင်ရောက်ခဲ့ပြီး အဆိုပါခရီးသွားဝင်ရောက်မှုမှ တစ်ဆင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံရရှိခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# အမျိုးသမီးတစ်ဦးအား ထိုင်းနိုင်ငံသားနှင့် အခမ္ဘလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

ကျိုက်မရော ဇူလိုင် ၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်နေ ဒေါ်ရဟီမာဘီက တစ်မြို့နယ်တည်းနေ မ ---၊ ၂၀ နှစ်အား ထိုင်းနိုင်ငံရှိ ၎င်း၏ ဈေးဆိုင်တွင် အလုပ်လုပ်ကိုင်နိုင်ကြောင်းနှင့် မလုပ်လိုပါက တခြားအလုပ်ရှာပေးမည်၊ တစ်လလျှင် ဘတ် ၁၀၀၀၀ ရမည်ဟု ပြောဆိုစည်းရုံး၍ ထိုင်းနိုင်ငံသို့ ပို့ဆောင်ကာ ထိုင်းအမျိုးသားနှင့် အခမ္ဘလက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် ကျိုက်မရောမြို့မရဲစခန်း (ပ) ၅၇၃/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မော်လမြိုင်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၅ရက်တွင် တရားခံ ဒေါ်ရဟီမာဘီအား လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်မျိုးစုံ၊ မော်တော်ယာဉ်အပိုပစ္စည်း၊ ထိန်းချုပ်ဓာတုပစ္စည်း၊ မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၇

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော မော်တော်ယာဉ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၁၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Man အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၁၅၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှု။

အလားတူ **ဇူလိုင် ၆ ရက်တွင်** မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မော်လမြိုင်မြို့ ညောင်ပင်ဆိပ်ရပ်ကွက် အတ္တရံတံတား (စက်မှုဇုန်ဘက်ခြမ်း) ၌ ဘားအံမြို့မှ မော်လမြိုင်မြို့ဘက်သို့ မောင်းနှင်လာသော မော်တော်ယာဉ်များအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်သုံးစီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ သစ်သီးမျိုးစုံနှင့် စားသောက်ကုန်မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၇၉၀၀) ကိုလည်းကောင်း၊ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် ကီလိုဂရမ် ၅၉၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၁၀၀၀၀) ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများကို တင်ဆောင်လာသည့် Honda Odyssey အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ Nissan Caravan အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) နှင့် Toyota Hiace အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) တို့ကိုလည်းကောင်း **စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၈၇၇၉၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အဆိုပါနေ့ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သထုံ-ဘားအံကားလမ်း ကြာပန်းတိုးဂိတ်အနီး၌ တရားမဝင်ကျွန်းသစ်ခွဲသား ၁ ဒသမ ၅၉၄၆ တန် (**ခန့်မှန်းတန်ဖိုးငွေ ၁၀၅၂၄၃၆ ကျပ်**) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင် ၇ ရက်တွင်** စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀) နှင့် ခန္တီးမြို့နယ်အတွင်း လိုင်စင်မဲ့ဆိုင်ကယ် လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) စုစုပေါင်း **ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း တရားမဝင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ၄၈ ဒသမ ၃၉၈၂ တန် (**ခန့်မှန်းတန်ဖိုးငွေ ၂၆၉၈၆၆၅၄ ကျပ်**) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၄ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ **အမှုတွဲ ၂၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၂၁၆၉၉၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မြို့နယ်အချို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၇

မြဝတီမြို့၊ ရှောင်မြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။


စိုင်းထက်အောင်၊ ဝေယံဘုန်းမြင့်နှင့် သက်နောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၆ ရက် ညနေ ၆ နာရီတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အောင်ပြည့်ဝလမ်းတွင် ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိသူ အထွန်း (ခ) ကိုထွန်းကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၅ ပြားကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှောင်မြို့နယ် ကျောက်ကူပြင်ကျေးရွာအနီး ရှောင်-ကျောက်ဆည်သွား ကားလမ်းတွင် စိုင်းထက်အောင် မောင်းနှင်ပြီး ဝေယံဘုန်းမြင့်နှင့် သက်နောင်တို့ လိုက်ပါလာသည့် Toyota Mark II အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်အတွင်းမှ စိတ်ကြွ ရူးသွပ်ဆေးပြား ၄၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ဇူလိုင် ၅ ရက် ညနေ ၄ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းယွန်းကျေးရွာအုပ်စု ပိန်းခမ်းကျေးရွာအနီးတွင် မသင်္ကာဖွယ် တွေ့ရှိသူ နော်ကက် (ခ)ငုတ်ကက်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၇-၂၀၂၂ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရှုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** စစ်ပီးငြိမ်းချိန်တန်ပါပြီ
**၀၉:၁၀** ပျက်ပျောက်ရေးရာအဖြာဖြာ
**၀၉:၄၀** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူမှုစီးပွားမြင်ကွင်းများ
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'တားဆီးကျော်ဖြတ်စုံဝမ်းဇော်ထုတ်' (အပိုင်း-၁၅)
**၁၆:၃၅** လူငယ်ရေးရာအစီအစဉ်
**၁၇:၁၀** ASEAN Information Exchange Initiative Program (Part-3)
**၁၇:၃၀** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသိရိဂေဟာ
**၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ 'ကျွန်တော်ချစ်သောဗိန်းမများ' (အပိုင်း-၁၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** 'သီချင်းနိုင်ငံယာရီ' မြန်မာပြည်သိန်းတန် တေးသီချင်းများဖျော်ဖြေပွဲ ထုတ်လွှင့်မှု

**mitv**

**07:02** Evergreen Classic: Migadawon (Tekkatho Lei Lei)
**07:10** Chef Life: Thit Htoo
**07:23** Dawei - Tavoy, Travel To The Southern Part Of Myanmar
**07:41** History Of Kyaik Wyne Pagoda
**08:01** Dances of Myanmar: Akha Traditional Dance
**08:05** An Ardent Aficionado Of Traditional Design
**08:37** The Caves
**08:53** TECH School
**09:01** News
**09:26** Global Partnership for Brighter Future: The African Union Pavilion at Expo 2020 Dubai
**09:35** Tapestry - A Unique Combination Of Painting and Craftsmanship
**09:53** Sticky Shan Snack

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** မွန်မြတ်သဒ္ဓါကျောက်ကလပ်စေတီသာ
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** ကင်ဆာရောဂါအကြောင်းသိကောင်းစရာ
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** နေပြည်တော်အထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာချင်းရိုးရာအိမ်
**မွန် (၁၀:၀၀ မှ ၁၂:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၁)
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** အမှောင်ကမ္ဘာထဲမှ စွမ်းအားရှင်လေးများ
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** ပေပေါင်း(၈၀၀၀)ကျော်မြင့်တဲ့မဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့
**ဝ (၁၆:၀၀ မှ ၁၈:၀၀)** ဝက်သားချဉ်ပြုလုပ်နည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ကချင်ပြည်နယ် ခရီးသွားမှတ်တမ်း
**ကယား (၂၀:၀၀ မှ ၂၂:၀၀)** ကယားတိုင်းရင်းသားများရဲ့အဲဖို(ခေါ်) လိပ်ပြာပြန်ခေါ်ခြင်း
**ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကွမ်းသီးလုပ်ငန်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၂၀** ASEAN Information Exchange Initiative 2022 (Part-4)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကူးစက်ရောဂါပြန့်ပွားစေသည့်ပေါ့လျော့မှု'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ)(အပိုင်း-၁)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** မြန်မာ့အမွေ၊ ကမ္ဘာ့အမွေထိန်းသိမ်းရမည့် အင်းလေးကန်ဇီဝအဝန်းနယ်မြေ
**၀၇:၂၀** ဘက်စုံသီးနှံကာကွယ်ရေး ဇီဝနည်းဖြင့်ဆောင်ရွက်ပေး
**၀၈:၅၀** မြန်မာ့မြေမှအလှသပြေ
**၀၈:၅၅** အာဟာရကြွယ်ဝရောင်းပန်းလှကျွန်းမာလှပဝင်ငွေရ မြန်မာ့လိမ္မော်ရှောက်မျိုးများရဲ့အလှ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

❖ ကျောဖုံးမှ

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေး ဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများသို့ စာရင်းသွင်းပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့ သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့်လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင်ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် စည်သာကျေးရွာနေ ဘိုအောင်(ခ)နေလင်းအောင်သည် ၎င်းအသုံးပြုသည့် “Bo Aung” Facebook အကောင့်၊ မွန်ပြည်နယ် ကင်မွန်းချောင်းကျေးရွာနေ သန့်ဇင်ဦး(ခ)သန့်ဇင်သည် ၎င်းအသုံးပြုသည့် “Thant Zin Oo”Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အုတ်ဖိုစုရပ်ကွက်နေ စန္ဒာထွန်းသည် ၎င်းအသုံးပြုသည့် “Sandar Htun” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပြည်တော်သာ ၅ လမ်း မဇင်းရပ်ကွက်နေ သက်ပိုင်စိုး(ခ)မဲကြီး(ခ)စိုးကြီးသည် ၎င်းအသုံးပြုသည့် “Soe Gyi” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းကို ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့CRPH၊ NUGနှင့်ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း ညောင်ရွှေအကျဉ်းထောင် ကွင်းဆင်းကြည့်ရှုစစ်ဆေး

ညောင်ရွှေ ဇူလိုင် ၇

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၇ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေအကျဉ်းထောင်အား သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးမှုတွင် ညောင်ရွှေအကျဉ်းထောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအေးက ညောင်ရွှေအကျဉ်းထောင်၏ လုံခြုံရေး၊ စီမံရေး၊ထောက်ပံ့ရေးနှင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ညောင်ရွှေအကျဉ်းထောင်ရှိ အမျိုးသားအဆောင်၊ စားဖိုဆောင်၊ ဆံသဆိုင်၊ စာကြည့်တိုက်ဆောင်၊ ထမင်းချက်ဆောင်၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့် အမျိုးသမီးအဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညောင်ရွှေအကျဉ်းထောင်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ ညောင်ရွှေအကျဉ်းထောင်က ညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က လက်ခံရယူသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်(၂၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမှတ်(၄) ရဲလေ့ကျင့်ရေးကျောင်း တောင်လေးလုံး တောင်ကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ အမှတ်(၄)ရဲလေ့ကျင့်ရေးကျောင်း ရဲမှူးကြီး ဗညားဦးက သင်တန်းကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီးအမှတ်(၂၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ရေးအရာရှိ ဒုတိယရဲမှူး မျိုးဝင်းညွန့်က ဦးရေးထောက်တင်ပြချက်များ ရှင်းလင်း၍ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ပြောကြားပြီး အမှတ်(၄) ရဲလေ့ကျင့်ရေးကျောင်း တောင်လေးလုံးကျောင်းနှင့် အမှတ်(၂၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ပေးအပ်ရာ အမှတ်(၄) ရဲလေ့ကျင့်ရေးကျောင်း ရဲမှူးကြီး ဗညားဦးနှင့် အမှတ်(၂၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲတပ်ရေး အရာရှိ ဒုတိယရဲမှူး မျိုးဝင်းညွန့်တို့က လက်ခံရယူ ကြောင်း သိရသည်။

ပြည်နယ်(**ပြန်/ဆက်**)

## မြန်မာ့ကော်ဖီဖွံ့ဖြိုးတိုးတက်ရေးသမဝါယမ အသင်းလီမိတက် ဖွဲ့စည်း

ပြင်ဦးလွင် ဇူလိုင် ၇

ကျေးလက်နှင့် မြို့ပြအခြေခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမစနစ်ဖြင့်တစ်ဖက်တစ်လမ်းမှအထောက်အကူပြုဆောင်ရွက်လျက်ရှိပြီး သမဝါယမအသင်းများဖွဲ့စည်းခြင်းကို သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာ့ကော်ဖီဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းလီမိတက်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၆)တွင် တည်ရှိပြီး အစုထည့်ဝင်ငွေကျပ် ၁၇ သိန်း၊ မတည်ရင်းနှီး ငွေကျပ်သိန်း ၁၃၀ ဖြင့် Coffee Burma ၌ ဖွဲ့စည်းခဲ့သည်။ အဆိုပါ ဖွဲ့စည်းရေးအခမ်းအနားသို့ မြို့နယ်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်နှင့် တာဝန်ရှိသူများ၊ မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အသင်းသူ အသင်းသားများ တက်ရောက်သည်။

ထို့နောက် မြို့နယ်ဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ အသင်းသားများမှ ရွေးချယ်တင်မြှောက်ခံရသော အသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ရွေးချယ်တင်မြှောက်ခံရသော အမှုဆောင် ဒါရိုက်တာနှင့် အသင်းစာရင်းစစ်များအား တာဝန်ခွဲဝေပေးအပ်၍ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူခဲ့ကြသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၂၅ | ၁၈၇၀ | ၁၈၆၅ | ၁၈၃၅ | ၁၈၇၀ | ၁၈၉၅ | ၁၈၈၀ | ၁၈၅၅ | ၁၉၅၀ | ၁၉၆၅ | ၁၈၆၅ | ၁၈၇၀ | ၁၉၀၅ | ၁၉၁၀ | ၁၉၁၀ | ၂၁၃၀ | ၂၆၆၅ |
| 95 Ron | ၁၉၃၀ | ၁၉၈၀ | ၁၉၇၅ | ၁၉၄၀ | ၁၉၇၅ | ၂၀၀၀ | ၁၉၈၅ | ၁၉၆၀ | ၂၀၅၅ | ၂၀၇၀ | ၁၉၇၀ | ၁၉၈၅ | ၂၀၁၀ | ၂၀၁၅ | ၂၀၁၅ | ၂၂၃၅ | ၂၇၂၅ |
| HSD (500 ppm) | ၂၀၆၅ | ၂၁၁၀ | ၂၁၀၅ | ၂၀၇၀ | ၂၁၁၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၅ | ၂၂၁၀ | ၂၂၀၅ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၄၅ | ၂၃၆၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၁၂၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၈၅ | ၂၁၈၅ | ၂၁၅၀ | ၂၂၆၅ | ၂၂၆၀ | ၂၁၅၅ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၅ | ၂၄၂၅ | ၂၉၈၅ |
| HSD (10 ppm) | ၂၁၂၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၈၅ | ၂၁၈၅ | ၂၁၅၀ | ၂၂၆၅ | ၂၂၆၀ | ၂၁၅၅ | ၂၁၇၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၅ | ၂၄၂၅ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၃၂ | ၁၈၀၁ |
| 95 Ron | ၁၈၃၄ | ၁၉၀၅ |
| HSD (500 ppm) | ၁၉၆၃ | ၂၀၃၁ |
| HSD (50 ppm) | ၂၀၁၈ | ၂၀၈၈ |
| HSD (10 ppm) | ၂၀၁၈ | ၂၀၈၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြည်ပပို့ကုန်အမယ်သစ် ပဲယဉ်း(အနီ)များ မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းများ မြင့်တက်ကာ အရောင်းသွက်

**မန္တလေး ဇူလိုင် ၇**

မြန်မာ့ထွက်ကုန်သီးနှံ ပြည်ပပို့ကုန်အမယ်သစ် ပဲယဉ်း(အနီ)များ မန္တလေးဈေးကွက်အတွင်း ယခုရက်ပိုင်းတွင် စံချိန်တင်ဈေးနှုန်းများ မြင့်တက်ကာ အရောင်းအဝယ်များ သွက်လက်မြန်ဆန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

**အရောင်းသွက်**

လက်ရှိတွင် အဆိုပါ ပဲယဉ်း(အနီ)များသည် ဈေးကွက်အတွင်းသို့ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်း၊ ပုသိမ်ကြီးမြို့နယ် (အရှေ့တော) စသည့်နယ်များမှ ဝင်ရောက်နေကြောင်း၊ အဆိုပါ ပဲယဉ်းနီများသည် ပေါ်ဦးပေါ်ဖျား ဖေဖော်ဝါရီလအတွင်းက သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ နှုန်းသာရှိခဲ့ရာမှ ယခုအချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ ထိ ပေါက်ဈေးရှိနေပြီး ဈေးနှုန်းများမြင့်တက်ကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"မန္တလေးဈေးကွက်မှာ အမယ်သစ် ပဲယဉ်း(အနီ)တွေ စံချိန်တင် ဈေးနှုန်းမြင့်တက်နေတယ်။ ယခင်ကဈေးကွက်ပျောက်ပြီး ပြည်တွင်းမှာပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်။ ခုပဲယဉ်း(အနီ)တွေဟာ ပြည်ပကို စမ်းသပ်တင်ပို့ရင်းနဲ့ အောင်မြင်တဲ့ ဈေးကွက်တစ်ခုကို ရရှိနေတာ နှစ်နှစ်လောက်ရှိပါပြီ။ ဈေးကွက်ဝင်ပဲတွေထဲမှာ ပဲယဉ်း(အနီ)ကတော့ အမြင့်ဆုံးဈေးရှိတယ်။ တရုတ်ပြည်ဈေးကွက်က ဝယ်လိုအား ကောင်းကောင်းနဲ့ အဓိကထားဝယ်ယူနေပါတယ်။ ဖေဖော်ဝါရီလ စပေါ်ကတည်းက ဝယ်ယူခဲ့တာ ယခုဈေးကောင်းရသည်အထိ ဝယ်ယူနေတာပါ။ ပဲယဉ်း(အနီ)က ခုလိုတရုတ်ပြည်ဈေးကွက်ထဲမှာ လူကြိုက်များလာတာကတော့ ပဲယဉ်းစိုက်တောင်သူတွေအတွက် အခွင့်အလမ်းပါပဲ။ လာမယ့်နှစ်လည်း တောင်သူတွေ တိုးချဲ့စိုက်ပျိုးသင့်ပါတယ်။ ပဲယဉ်းရဲ့ထူးခြားချက်က ပိုးသတ်ဆေးသုံးစွဲစရာ မလိုပါဘူး။ မြေဩဇာအနေနဲ့ သဘာဝမြေဩဇာသုံးပြီး စိုက်ပျိုးလို့ဖြစ်ထွန်းအောင်မြင်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ အမယ်သစ်ပဲယဉ်း(အနီ)ကို မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ဧရာဝတီ၊ ချင်းတွင်းမြစ်ဝှမ်း နုန်းတင်မြေနုများတွင် ပိုမိုစိုက်ပျိုးကြကာ အောင်မြင်ဖြစ်ထွန်းကြကြောင်း၊ ပဲယဉ်း(အနီ)သီးနှံသည် ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးကြကာ ဇန်နဝါရီလအတွင်း ထွက်ရှိကြောင်းနှင့် စိုက်ပျိုးစရိတ်သက်သာပြီး အထွက်နှုန်းမှာလည်း တစ်ဧကလျှင် ၁၅ တင်းမှတင်း ၂၀ အထိ ထွက်ရှိကာ အထွက်နှုန်းကောင်းမွန်သည့် ပဲအမျိုးအစားဖြစ်ကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**




## လောက်ကိုင်မြို့၌ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

**လောက်ကိုင် ဇူလိုင် ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လောက်ကိုင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းစဉ်များ၌ ပူးပေါင်းဆောင်ရွက်ခဲ့သည့် စေတနာ့ဝန်ထမ်းများအား ရှမ်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ပေးအပ်သော ဂုဏ်ပြုမှတ်တမ်းလွှာများ ထပ်ဆင့်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက အများအကျိုးအတွက် စေတနာ့ဝန်ထမ်းအဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ဦးလူမောင်မောင်အားလည်းကောင်း၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အသင်းဝင်များအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို ထပ်ဆင့်ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ရှမ်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ပေးအပ်သော ဂုဏ်ပြုမှတ်တမ်းလွှာများ ထပ်ဆင့်ပေးအပ်ချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ရွှေစင်ဖြိုး(ပြန်/ဆက်)**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M–9 နှင့် လုပ်ကွက်အမှတ် M–3 တို့တွင် Geotechnical Site Sruvey (GTI) and Associated Studies လုပ်ငန်းများအား Survey Vessel:MV.DP2 KEYFIELD HELMS ရေယာဉ်ဖြင့်ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point M3 ASK–12 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၈.၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၀ မိနစ် ၀၀.၈၃ စက္ကန့်၊ Point ZWP–16 (Zawtika–25) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၀.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇.၃၈ စက္ကန့်၊ Point ZWP–17 (Zawtika–29) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၄.၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၉.၇၇ စက္ကန့်၊ Point ZWP–18(Zawtika–14) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၀၀.၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၅.၅၂ စက္ကန့်၊ Point ZWP–19 (Zawtika–12) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၁၇.၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၃၅.၇၉ စက္ကန့်နှင့် Point Zawtika–38(Jacket Receiver) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၂ မိနစ် ၀၃.၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၅ မိနစ် ၃၉.၄၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လ (၅) ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇူလိုင်လ (၃၁) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M–9နှင့် လုပ်ကွက်အမှတ် M–3 တို့တွင် Geotechnical Site Sruvey(GTI) and Associated Studies လုပ်ငန်းများအား Survey Vessel: MV.DP2 KEYFIELD HELMS လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတွင်းတူးဖော်မည့်တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A–1 ဧရိယာတွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Diving Support Vessels, LICHTENSTEING ဖြင့် ဆောင်ရွက်သွားမည့်တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၁,၁၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၁၄.၃၄၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၂.၇၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၇.၂၀၂ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂.၇၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၉.၁၅၉ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၁.၁၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၆.၉၈၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လ (၆) ရက်နေ့မှ ၂၀၂၂ ခုနှစ် ဩဂုတ်လ (၃၁) ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A–1 ဧရိယာတွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Diving Support Vessels, LICHTENSTEIN ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်း သတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**



## ဂျပန်နိုင်ငံ Mayors of Peace က ဦးစီးကျင်းပမည့် "Peaceful Towns 2022" ပန်းချီပြပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲကျင်းပနိုင်ရေးစည်းဝေး

**မန္တလေး ဇူလိုင် ၇**

ဂျပန်နိုင်ငံနိုင်ငံ ဟီရိုရှီးမားရှိ Mayors of Peace (ငြိမ်းချမ်းရေးအတွက် မြို့တော်ဝန်များအဖွဲ့)က ဦးစီးကျင်းပပြုလုပ်မည့် "Peaceful Towns 2022" ပန်းချီပြပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် အစည်းအဝေးကို ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

### ယဉ်ကျေးမှုကိုမြှင့်တင်ရန်

ပြိုင်ပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ နျူကလီးယားဗုံးဒဏ် ခံခဲ့ရသော်လည်း အသက်ရှင်ကျန်ရစ်ခဲ့သူများ၏ ဆန္ဒကိုမျှဝေကာ နျူကလီးယားလက်နက်ကင်းမဲ့သော ကမ္ဘာကြီးတည်ဆောက်ရန်၊ အေးချမ်းပြီး လုံခြုံစိတ်ချရသော မြို့တော်များ တည်ဆောက်ရန်နှင့် နိုင်ငံတကာလူထု၏ ထောက်ခံအားပေးမှုကို ရယူ၍ ငြိမ်းချမ်းရေးမှ ယဉ်ကျေးမှုကို မြှင့်တင်ရန်ဖြစ်သည်။

ပန်းချီပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၅၉ ဦးက စာရင်းပေးသွင်းထားပြီးဖြစ်ရာ ပြင်ပမှ ဝင်ရောက်ယှဉ်ပြိုင်လိုသူများ အတွက် အစီအမံများ ဆောင်ရွက်ရန်နှင့် ပြိုင်ပွဲကို စနစ်တကျရှိစေရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အေးချမ်းပြီး လုံခြုံစိတ်ချရသော မြို့တော်တည်ဆောက်ရေးကို ရည်ညွှန်းသည့် ပြိုင်ပွဲဖြစ်၍ မန္တလေးမြို့ပုံရိပ်များ ပါဝင်ဖော်ကျူးလျှင် သင့်လျော်မည်ဟု ယူဆပါကြောင်း၊ တက်ရောက်လာသည့် ပညာရှင်များနှင့် ဖြစ်မြောက်ရေး ကော်မတီဝင်များက အကြံပြုကြစေလိုကြောင်း မြို့တော်ဝန်က ပြောကြားသည်။

### ဆွေးနွေးတင်ပြ

ဆက်လက်၍ အနုပညာဦးစီးဌာန ပန်းချီပန်းပုကျောင်းမှ ကျောင်းအုပ် ဦးစိုးဝင်းအောင်၊ ပန်းချီကားများရွေးချယ်စိစစ်ရေးဥက္ကဋ္ဌ ရွှေချည်ထိုးပန်းချီပညာရှင် ဦးစိန်မြင့်နှင့် အတွင်းရေးမှူး ဦးတင်ထွန်းဦး(ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန)၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီဝင်များက ပြိုင်ပွဲကျင်းပမည့် နေ့ရက်၊ ကျင်းပမည့်နေရာများ ရွေးချယ်ခြင်းနှင့် ပြိုင်ပွဲဝင်များအတွက် လိုအပ်သော ပံ့ပိုးမှုများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

### စာရင်းပေးသွင်းနိုင်

ပြိုင်ပွဲဝင်အမျိုးအစားများမှာ အုပ်စု(၁)တွင် အသက် ၆ နှစ်မှ ၁၀ နှစ်အတွင်းနှင့် အုပ်စု(၂)တွင် အသက် (၁၁)နှစ်မှ(၁၅)နှစ်အတွင်းဟူ၍ ခွဲခြားထားရာ မန္တလေးစည်ပင်သာယာနယ်နိမိတ် ခြောက်မြို့နယ်မှ ကျောင်းသား ကျောင်းသူများသည် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင်လည်းကောင်း၊ ပြင်ပမှ ပြိုင်ပွဲဝင်လိုသူများသည် စက်တင်ဘာ ၁ ရက် နောက်ဆုံးထားပြီး အနုပညာဦးစီးဌာန၊ ပန်းချီပန်းပုကျောင်းတွင် လည်းကောင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## လောကနန္ဒာစွယ်တော်မြတ်စေတီတော်နှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ် ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် ဇူလိုင် ၇**


လောကနန္ဒာစွယ်တော်မြတ်စေတီတော်နှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ်တို့အား ဧရာဝတီမြစ်ရေတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လောကနန္ဒာစေတီတော်သည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိပြီး မြစ်ရေကြီးချိန်တွင် ရေစီးကြမ်းခြင်း၊ မြစ်ပြင်ကျယ်သဖြင့် လှိုင်းကြမ်းခြင်းတို့ကြောင့် စေတီတော် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ကမ်းပါးထိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

"စေတီတော်အောက်မြစ်ရေပြင်က နွေရာသီမှာ ရေအဝင်ပိတ်ပြီး အင်းကျန်အဖြစ်ရှိတယ်။ ရေများချိန်ကျတော့ ရေနက်ကြောင်းက စေတီအနားကပ်စီးပြီး အောက်ခြေကို ဝဲလှည့်လှိုက်စားမှု ဖြစ်ပေါ်လာတယ်။ စေတီရဲ့အခြေက နှစ်အလိုက် ပြုပြင်ထိန်းသိမ်းထားတော့ မြေထိန်းတမံရှိတယ်။ မြေထိန်းတမံကြောင့် မြစ်ရေမတိုက်စားနိုင်ပေမယ့် မြေထိန်းတမံတည်ဆောက်ထားခြင်းမရှိသေးတဲ့ စွယ်တော်ရဲ့အောက်ခြေဘက်မှာ မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားလျက်ရှိတယ်။ ဒါကြောင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေနဲ့ လုပ်ငန်းဆောင်ရွက်ခဲ့တယ်။ လုပ်ငန်းစတင်ဆောင်ရွက်တဲ့နေ့ကတော့ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် ဖြစ်ပါတယ်။ ဒီမတိုင်ခင်ကတော့ လုပ်ငန်းဆောင်ရွက်ဖို့ survey ပြုလုပ်တဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ ဇွန် ၉ ရက်မှာ ရာခိုင်နှုန်းပြည့် ပြီးစီးခဲ့ပါတယ်" ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၁) ဦးအောင်မိုးသောင်းက ပြောသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် လောကနန္ဒာစွယ်တော်မြတ်စေတီတော်နှင့် လောကနန္ဒာဘေးမဲ့တောဥယျာဉ် ကမ်းပြိုမှုကာကွယ်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေကျပ်သန်း ၁၀၀၀ ဖြင့် ဘိုးပိုင်အခြေပြု ကျောက်စီကမ်းထိန်းနံရံ ပေ ၂၀၀ နှင့် Gabion Box ကျောက်ဖြည့်ကမ်းထိန်းနံရံ ပေ ၈၀၀ ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ဟန်ရဲ**



# သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး တစ်နှစ် သစ်နှစ်ပင်စိုက် ရှေ့တိုက်ကိုစိုး...

ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း)

မြန်မာတွေဟာ သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုးတွေဖြစ်ပါတယ်။ သစ်တော၊ သစ်ပင်တွေကို ဘာကြောင့် ချစ်ခင်ရပါသလဲ။ သစ်ပင်စိုက်ရင်အရိပ်ရတယ်၊ ပူပြင်းတဲ့ရာသီမှာ နားခိုရာရလို့၊ ပရိဘောဂ၊ အိမ်ကျောင်း၊ ကျေးရွာဘုန်းကြီးကျောင်းတွေ အဆောက်အအုံဆောက်ဖို့ သစ်ရလို့၊ လောင်စာထင်းမီးသွေး ရလို့ဖြစ်ပါတယ်။

ကျွန်တော်တို့ ဘိုးဘေးဘီဘင်လက်ထက်က ကာဗွန်သံသရာကို တိတိကျကျ နားမလည်သော်လည်း “တစ်ပင်လဲဆယ်ပင်ထူ” ဆိုတဲ့ စကားရှိခဲ့တာမို့ သစ်တစ်ပင်ခုတ်ရင် ဆယ်ပင်စိုက်ကြဖို့ သိခဲ့ကြပါတယ်။ သို့သော် တစ်နှစ် သစ်ပင်ဘယ်နှပင် ဘာကြောင့်စိုက်ရသလဲဆိုတာ ဂဃနဏ မသိကြပါဘူး။ ဒါမသိလည်း အကြောင်းမဟုတ်ပါဘူး။ လူတစ်ယောက် တစ်နှစ် သစ်နှစ်ပင်စိုက်ရင် ပြီးတာပါပဲ။

မိုးရေချိန်နည်း၊ မိုးရွာသွန်းမှုနည်းတဲ့ အညာဒေသတွေမှာ ညောင်ပင်ကြီးတွေ၊ မန်ကျည်းပင်ကြီးတွေနဲ့ ကုက္ကိုပင်ကြီးတွေကို ငယ်စဉ်ကတွေ့ခဲ့ရပါတယ်။ ဒီအပင်ကြီးတွေ စိုက်ပျိုးပေါက်ရောက်တာဟာ လူထု လှုပ်ရှားမှု အသွင်နဲ့စိုက်ခဲ့တာမဟုတ်၊ လူတစ်ဦးတစ်ယောက်ရဲ့အမြော်အမြင်၊ စိတ်ဓာတ်စိတ်မြတ်နဲ့ စိုက်ပျိုး ထိန်းသိမ်းခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်များအတွင်း မြန်မာနိုင်ငံအပူပိုင်း ကိုးခရိုင်စိမ်းလန်း စိုပြည်ရေးစီမံကိန်းရေးစွဲကာ အကောင်အထည်ဖော်ခဲ့လို့ မြန်မာနိုင်ငံအလယ်ပိုင်းဟာ ပူပြင်းတဲ့ရာသီဥတုက သက်သာရာရခဲ့ပါတယ်။

**သစ်ပင်စိုက်ပျိုးဖို့ ဘာကြောင့် အရေးကြီးလဲ**

“ဥတုရာသီတောကိုမှီ၏” ဆိုတာနားလည်ကြပါတယ်။ “တောပြုန်းရင် မြေဆီသုဉ်းတယ်” ဆိုတာလည်း သိခဲ့ကြပါတယ်။ သစ်ပင်စိုက်ပျိုးဖို့ အကောင်းဆုံးအချိန်ဟာ ဘယ်တုန်းကလဲဆိုရင် လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်ကဖြစ်ပါတယ်။ ဒုတိယအကောင်းဆုံးအချိန်ဟာ ယခုဖြစ်တယ်လို့ သစ်တောသစ်ပင်စိုက်ဖို့ လိုအပ်ကြောင်း လူထုကိုအသိပေးတာ ဖြစ်ပါတယ်။

သစ်ပင်စိုက်ပျိုးဖို့ ဘာကြောင့် ရေးကြီးခွင်ကျယ် ကမ္ဘာ့လူသားတွေ အာရုံထားလုပ်ကြရလဲဆိုရင် ၁၉၀၀ ပြည့်နှစ်က သစ်တော ဟက်တာ ခြောက်ဘီလီယံရှိခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ သစ်တောဟက်တာ ၃ ဘီလီယံပဲ ရှိတော့ နှစ်တစ်ရာအတွင်း သစ်တောဟက်တာ သုံးဘီလီယံထိ ပျက်ပြုန်းကျဆင်းသွားခဲ့လို့ ဖြစ်ပါတယ်။ ၁၉၀၀ ပြည့်နှစ်က လူဦးရေဟာ သုံးဘီလီယံ၊ ၂၀၀၀ ပြည့်နှစ်မှာ ခြောက်ဘီလီယံ ဖြစ်လာပါတယ်။ ၂၀၄၀ ပြည့်နှစ်လောက်ရောက်ရင် ကမ္ဘာ့လူဦးရေဟာ ရှစ်ဘီလီယံနား၊ ၂၀၅၀ ပြည့်နှစ်မှာဆိုရင် ကမ္ဘာ့လူဦးရေဟာ ၁၀ ဘီလီယံကျော်မယ်လို့ ကုလသမဂ္ဂ လူဦးရေနှင့် ရန်ပုံငွေ အေဂျင်စီက ခန့်မှန်းပါတယ်။ ကမ္ဘာကြီးလည်း ပူနွေးလာပါတော့တယ်။

**ကမ္ဘာကြီး ပူနွေးလာပြီ**

၁၈ ရာစု နှောင်းပိုင်းက ဥရောပတစ်ခွင်မှာ ကျောက်မီးသွေးကို စတင်အသုံးပြုရာမှာ ရေနွေးငွေ့ အင်ဂျင်စက်တွေကို ကျောက်မီးသွေးနဲ့မောင်း၊ စက်ရုံတွေဟာ မီးခိုးတလူလူနဲ့ လျှပ်စစ်ထုတ်တဲ့အထိ ကျောက်မီးသွေးကို သုံးခဲ့ပါတယ်။ ဆီမီးအိမ်နေရာမှာ လျှပ်စစ်မီးလုံးတွေနဲ့ အစားထိုး၊ မြင်းနဲ့ဆွဲတဲ့ ရထားလုံးတွေနေရာမှာ မော်တော်ယာဉ်တွေက နေရာရလာပါတော့တယ်။ လူတွေရဲ့စရိုက်လက္ခဏာ တွေလည်း အကြီးအကျယ်ပြောင်းလဲသွားပါတော့တယ်။

လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ – ၆၀ အတွင်း မြစ်ရေကြီးခြင်း၊ ကမ္ဘာ့ဒေသအချို့မှာ စိုက်ပျိုးမြေတွေ ပတ်ကြားအက်ကွဲခြင်း၊ ရေကြီးခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတွေ မကြာခဏ တိုက်ခြင်း၊ ပင်လယ်ရေမျက်နှာ ပြင်မြင့်တက်ခြင်း၊ ရေခဲတောင်နဲ့ ရေခဲမြစ်တွေ အရည်ပျော်ခြင်း၊ ကွက်ကျားကွက်ကျားမီးလောင်ခြင်း၊ မြေဆီလွှာခန်းခြောက်တာတွေနဲ့ မကြုံစဖူး ဒုက္ခပင်လယ်ဝေခဲ့ကြရပါတယ်။ အဓိကအကြောင်းက ကမ္ဘာကြီး ပူနွေးလာလို့ဆိုပြီး ကောက်ချက်ချကြပါတယ်။

ကမ္ဘာ့ပျမ်းမျှအပူချိန်ကို နှစ်ပေါင်း ၁၆၀ အတွင်း စနစ်တကျ တိုင်းတာခဲ့တဲ့ မှတ်တမ်းတွေအရ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်ကျော်က ကမ္ဘာ့အပူချိန်ဟာ သိသိသာသာမြင့်တက်လာခဲ့တယ်။ ၁၉၉၈ ခုနှစ်က အမြင့်ဆုံးအပူချိန်ကို ရောက်ခဲ့ပါတယ်။ ကမ္ဘာမှာ အပူချိန်အမြင့်ဆုံးထိ ရောက်ခဲ့တဲ့ ၁၀ နှစ်ဟာ လွန်ခဲ့တဲ့ ၁၂ နှစ်အတွင်းက ဖြစ်ခဲ့ပါတယ်။ မြောက်ဝင်ရိုးစွန်းက ရေခဲတွေပျော်ကျတာ ကမ္ဘာကြီးပူနွေးခြင်းရဲ့ လက္ခဏာပဲ။

> ❖ **သစ်ပင်စိုက်ပျိုးဖို့ ဘာကြောင့်ရေးကြီးခွင်ကျယ် ကမ္ဘာ့လူသားတွေ အာရုံထားလုပ်ကြရလဲဆိုရင် ၁၉၀၀ ပြည့်နှစ်က သစ်တောဟက်တာ ခြောက်ဘီလီယံရှိခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာ သစ်တောဟက်တာ သုံးဘီလီယံပဲရှိတော့ နှစ်တစ်ရာအတွင်း သစ်တောဟက်တာ သုံးဘီလီယံအထိ ပျက်ပြုန်းကျဆင်းသွားခဲ့လို့ဖြစ်**
>
> ❖ **ကမ္ဘာ့လေထုရဲ့ အပူချိန်မြင့်တက်လာမှု ပုံမမှန်ရာသီဥတု ဖြစ်ပေါ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတွေ မကြာခဏ တိုက်ခိုက်ခြင်း၊ ရေကြီးခြင်းဟာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ပမာဏနဲ့ ဆက်စပ်**

၁၈၉၆ ခုနှစ်မှာ Swedish Chemist Svante Arrhenius က “ကျောက်မီးသွေးကို ကာဗွန်ဒိုင် အောက်ဆိုက်အဖြစ် လေထုထဲမှုတ်ထုတ်လိုက်တယ်၊ လေထုထဲပိုမိုရောက်လာတဲ့ ဒီဓာတ်ငွေ့ဟာ အပူကို စုပ်ယူထားနိုင်တော့ ကမ္ဘာ့လေထုကြီးဟာ ‘စောင်’ ခြုံထားသလို ဖန်လုံအိမ်လိုနွေးနေတော့တာပဲ။ ဆောင်းရာသီဟာ ပိုပြီးပျော့ပျောင်းလာဖွယ်၊ ပတ်ဝန်းကျင်ကို အကျိုးပြုနိုင်ဖွယ်ဖြစ်တယ်”လို့ လန်ဒန် အီဒင်ဘာရာ၊ ဒပ်ဗလင်၊ ဖလော်ဆော်ဖစ်ကယ်မဂ္ဂဇင်းတွေမှာ ရေးခဲ့တယ်။


ဒီဓာတ်ငွေ့ဟာ သိပ္ပံအရ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ (Greenhouse gas) လို့ခေါ်တယ်။ ကာဗွန်ဒိုင် အောက်ဆိုက်ဟာ ပုံမှန်အတိုင်း (၂၈၅–၃၀၀ပီပီအမ်) ဆိုရင် မိတ်ဆွေဓာတ်ငွေ့ဖြစ်ပါတယ်။ သစ်ပင်သစ်တော တွေ၊ လယ်ယာစပါးကောက်ပဲသီးနှံတွေဖြစ်ဖို့ အသက်ရှင်သန်ဖို့ဖြစ်ပါတယ်။ လေထုအတွင်း ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ်ငွေ့ (ကာဗွန်ဓာတ်ငွေ့) တဖြည်းဖြည်းများပြားလာတာဟာလည်း ၁၈၉၀–၁၉၁၀ ပြည့်နှစ်အတွင်း သိပ္ပံနဲ့နည်းပညာ တီထွင်ဆန်းသစ်မှုနဲ့ အတူတွဲပါလာတာဖြစ်ပါတယ်။

၁၉၄၀ ပြည့်နှစ်ရောက်တော့ လေထုအတွင်း ကာဗွန်ဓာတ်ငွေ့ပမာဏဟာ ၃၀၀ ပီပီအမ် (ppm parts per million) နီးပါး (လေထုတစ်သန်းပုံ ပုံရင် ကာဗွန်ဓာတ်ငွေ့ဟာ ၃၀၀ပုံ ရှိတယ်) ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်နေ့မှာ ၄၀၁ ပီပီအမ်အထိ ကြောက်ခမန်းလိလိမြင့်တက်ခဲ့ပါတယ်။ ဒီကာဗွန်ဒိုင် အောက်ဆိုက် ဘယ်ကရောက်လာသလဲဆိုရင် ကျောက်မီးသွေးကိုသုံးပြီး လျှပ်စစ်ထုတ်လို့ပဲ ဖြစ်ပါတယ်။ မြင့်တက်လာတဲ့ ကာဗွန်ဓာတ်ငွေ့တွေကြောင့် ပင်လယ်သမုဒ္ဒရာရဲ့ အက်စစ်ဂုဏ်ဟာ ၂၈ ရာခိုင်နှုန်းအထိ မြင့်တက်လာပါတော့တယ်။

ရာသီဥတုပြောင်းလဲမှုကို အထူးတလည် လေ့လာတဲ့အဖွဲ့ကတော့ “The Intergovernmental Panel on Climate Change (IPCC)” ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုကို စနစ်တကျ လေ့လာနေတာ ဖြစ်ပါတယ်။ ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့တွေအနက် အဓိကအကျဆုံးတရားခံဟာ ကာဗွန်ဒိုင် အောက်ဆိုက် (ကာဗွန်ဓာတ်ငွေ့) ကြောင့်လို့ ခွဲခြားဆွဲထုတ်ပြနိုင်ခဲ့ပါတယ်။




မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံအကြား ဘင်္ဂလားပင်လယ်အော်ရဲ့ကောင်းကင်မှာ ရောက်ရှိလာတဲ့ ကာဗွန်ဓာတ်ငွေ့ဟာ ဘိုလာဆိုင်ကလုန်းနဲ့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတို့ကို ဖန်တီးခဲ့တယ်လို့ သိပ္ပံရှုထောင့်က ပြောရမှာဖြစ်ပါတယ်။ ၂၀၀၈ခုနှစ်က မြန်မာနိုင်ငံအောက်ပိုင်းကို ဖျက်ဆီးခဲ့တဲ့ နာဂစ်မုန်တိုင်း ကြောင့် လူမှုဘဝဆုံးရှုံးပျက်စီးမှုဟာ လွန်စွာကြီးမားခဲ့ပါတယ်။




ကမ္ဘာ့လေထုရဲ့ အပူချိန်မြင့်တက်လာမှု ပုံမမှန်ရာသီဥတုဖြစ်ပေါ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းတွေ မကြာခဏ တိုက်ခိုက်ခြင်း၊ ရေကြီးခြင်းဟာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ပမာဏနဲ့ ဆက်စပ်နေတယ်ဆိုတာ ကမ္ဘာ့သိပ္ပံပညာရှင်တွေက ခိုင်မာတဲ့အထောက်အထားတွေနဲ့ပြလာကြလို့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ လူထုဟာ သဘောပေါက်လက်ခံလာကြတယ်။

**သဘာဝအလျောက်ဖြစ်စဉ်**

လေထုအတွင်း ကာဗွန်ဓာတ်ငွေ့ပမာဏဟာ ၃၇၅ ပီပီအမ်ဆိုပါတော့။ လူတစ်ယောက်ဟာ အသက်တစ်ခါ ရှူရှိုက်ရင်ပဲ ကာဗွန်ဓာတ်ငွေ့ ၃၇၅ ပီပီအမ်ဝင်ပြီး ရှူထုတ်လိုက်တဲ့အခါ လူ့ကိုယ်ခန္ဓာတွင်း ဆဲလ်ပေါင်းများစွာရဲ့ အလုပ်မျိုးစုံကြောင့် ကာဗွန်ဓာတ်ငွေ့ပမာဏ လေးသောင်းပီပီအမ် ထွက်လာပါတယ်။ သဘာဝအလျောက် သက်ရှိသက်မဲ့တွေ ဆွေးမြည့်ကြရင်လည်း ကာဗွန်ဓာတ်ငွေ့ထွက်နေပါတယ်။ ဒီဖြစ်စဉ် ရှိမနေရင် လေထုထဲမှာ ပုံမှန်ရှိနေတဲ့ ကာဗွန်ဓာတ်ငွေ့ဟာ လအနည်းငယ်အတွင်းမှာ ကုန်ဆုံးသွားပါမယ်။

စာမျက်နှာ ၁၉ သို့ ❂

❂ စာမျက်နှာ ၁၈ မှ

**ကမ္ဘာကြီးပူနွေးခြင်းရဲ့အကြောင်းတရားများ**

ကမ္ဘာကြီးပူနွေးခြင်းရဲ့ ကြီးမားတဲ့အကြောင်းတရားတစ်ခုက ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အား စက်ရုံတွေ ကမ္ဘာအရပ်ရပ်မှာများလာခဲ့လို့ပဲ။ ကျောက်မီးသွေး တန်တစ်ထောင်သုံးပြီး တစ်နာရီကြာ လျှပ်စစ်ထုတ်မယ်ဆိုရင် လေထုအတွင်းကို ကာဗွန်ဒိုင်အောက်ဆိုက် (ကာဗွန်ဓာတ်ငွေ့) တန်နှစ်ထောင် ထုတ်လွှင့်ပါတယ်။ လျှပ်စစ်စွမ်းအင်ထုတ်ရာမှာ အမေရိကန်၊ တရုတ်၊ အိန္ဒိယ၊ ဥရောပနဲ့ ဂျပန်နိုင်ငံတို့ဟာ ကျောက်မီးသွေး၊ ရေနံ၊ အဏုမြူစွမ်းအင်နဲ့ ရေအားလျှပ်စစ်ကို အသုံးပြုကြတာကို တွေ့ရပါတယ်။ ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ထုတ်တဲ့ အမေရိကန်နဲ့ တရုတ်နိုင်ငံတို့က ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်တာ အများဆုံးဖြစ်ပါတယ်။



အမေရိကန်ပြည်ထောင်စုက မွန်ရိုးကျောက်မီးသွေးစက်ရုံဟာ ဒီနေ့အထိ လည်ပတ်လျက်ရှိပြီး ၂၀၄၀ ပြည့်နှစ်မှာ ရပ်တန့်မှာဖြစ်ပါတယ်။ လျှပ်စစ်လည်း ထုတ်ယူနေရဆဲ၊ ကာဗွန်ဓာတ်ငွေ့လည်း ထွက်နေဆဲ၊ သစ်ပင်တွေလည်း စိုက်နေဆဲနိုင်ငံဖြစ်ပါတယ်။ ကျောက်မီးသွေး၊ ရေနံနဲ့ ရေနံဓာတ်ငွေ့ကိုသုံးပြီး စီးပွားရေးကို တည်ထောင်တာဖြစ်ပါတယ်။ အမေရိကန်လူမှုစီးပွားဘဝမြင့်မားဖို့ အခြားစွမ်းအင်အရင်းအမြစ် မရမီမှာ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာကို လက်မလွှတ်နိုင်ဘဲ သုံးရတာဖြစ်ပါတယ်။ တရုတ်နဲ့ အမေရိကန်နိုင်ငံတို့ဟာ ကျောက်မီးသွေးနဲ့ ရေနံဓာတ်ငွေ့လောင်စာကို အများဆုံးသုံး၊ လျှပ်စစ်ထုတ်၊ သွားလာရေး လူသုံးကုန်ပစ္စည်းမျိုးစုံကိုထုတ်လုပ်ပြီး ကမ္ဘာကို ဖြန့်ဖြူးရောင်းချပါတယ်။ လျှပ်စစ်နဲ့ပဲ ပစ္စည်းမျိုးစုံကိုထုတ် အလုပ်လုပ်ကြပါတယ်။

တရုတ်ရဲ့စွမ်းအင်လိုအပ်ချက်ဟာ ကြီးမားတာကြောင့် ယမ်စီမြစ်ကို အခြေပြုပြီး အလွန်တရာကြီးမားတဲ့ ရေကန်ကြီးသုံးခု တည်ဆောက်ကာ လျှပ်စစ်ထုတ်သုံးစွဲခြင်းဟာ သူ့နိုင်ငံရဲ့လျှပ်စစ်လိုအပ်ချက်ကို ဖြည့်တင်းခြင်းပဲ။ ဒီလောက်များပြားတဲ့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖို့ ကျောက်မီးသွေးကိုသာ သုံးရမယ်ဆိုရင် လေထုတွင်း ထုတ်လွှတ်မယ့် ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏဟာ လွန်စွာမြင့်တက်မှာဖြစ်ပါတယ်။ ဒါကြောင့် တရုတ်ဟာ သူ့ရဲ့ရေအားအရင်းအမြစ်ကို အခြေခံပြီး လျှပ်စစ်ထုတ်ရတာဖြစ်တယ်။ ကျောက်မီးသွေးနဲ့ ရေအားလျှပ်စစ်ကို အားကိုးနေရဦးမှာဖြစ်ပါတယ်။

**မြန်မာတို့ ဘာတွေကြိုတင်ပြင်ဆင်ထားမလဲ**

မြန်မာနိုင်ငံအတွက် မည်သို့သော စွမ်းအင်အရင်းအမြစ်ကိုပင်ဖြစ်ဖြစ် အခြေခံပြီး လျှပ်စစ်ဓာတ်ကို ထုတ်ကြရပါမယ်။ နိုင်ငံရဲ့တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသတွေမှာ ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ကို ထုတ်သင့်ပါတယ်။ နည်းပညာ အတော်အသင့်သာလိုတဲ့ ကျောက်မီးသွေးသုံးလျှပ်စစ်စက်ရုံတွေကို မိုးများတဲ့ဒေသတွေမှာ ရဲရဲရင့်ရင့်တည်ဆောက်ပြီး စက်မှုလယ်ယာကိုတည်ထောင်သင့်ပါတယ်။ ကျောက်မီးသွေးသုံးပြီး သံရည်ကြို စက်တွေ၊ သံမဏိထုတ်တဲ့စက်ရုံတွေဟာ အခုဆိုရင် နည်းပညာမြင့်လာတော့ အက်စစ်မိုးဖြစ်စေမယ့် ဆာလ်ဖာဓာတ်ငွေ့တို့ကို ကောင်းကောင်းဖယ်နိုင်ပြီမို့ ကျောက်မီးသွေးသုံးပြီး စက်ရုံတည်ထောင်ရမှာကို အထူးကြောက်လန့်စရာမလိုဘူးလို့ ပြောချင်ပါတယ်။

ကမ္ဘာ့စီးပွားရေး (Global Economy) ကို အထောက်အပံ့ဖြစ်စေတာဟာ ယနေ့အထိ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာပဲ ဖြစ်နေပါတယ်။ အခြားသော စွမ်းအင်တွေဖြစ်တဲ့ နေရောင်ခြည်၊ လေကိုလည်း စဉ်းစားရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် "ရေမကြွယ် ထင်းမကြွယ်" ဆိုတဲ့အတိုင်း လျှပ်စစ်ဓာတ်ဟာ လိုအပ်နေမှာဖြစ်ပါတယ်။ အထူးကြောက်လန့်စရာမလို၊ ကျောက်မီးသွေးလောင်စာနဲ့ ရေအားလျှပ်စစ် အပေါ် အမှီပြုနေရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံကတော့ လောပိတ၊ ပေါင်းလောင်း ရေအားလျှပ်စစ်၊ ရဲရွာရေအားလျှပ်စစ်တွေ ရှိတာမို့ လေထုကို ပူနွေးစေမယ့် ကာဗွန်ဓာတ်ငွေ့ မထုတ်လွှတ်ကြပါဘူး။ မြစ်ချောင်း၊ အင်းအိုင်တွေ၊ တောင်ကျရေတွေကို ပိတ်ဆို့တားဆီးပြီး ရေအားလျှပ်စစ်ထုတ်မယ်ဆိုရင် မြန်မာဟာ နှစ်အနည်းငယ်အတွင်းမှာ ချမ်းသာမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း မှန်မှန်ကန်ကန် ဖြစ်လာမယ်လို့ ပြောနိုင်ပါတယ်။

**လမ်းပေါ်မှာ ပြေးနေတဲ့ မော်တော်ကား**

ကမ္ဘာကြီးပူနွေးခြင်းရဲ့ နံပါတ် (၂) အကြောင်းတရားကတော့ ကမ္ဘာတစ်ဝန်း လမ်းပေါ်မှာ ပြေးနေတဲ့ မော်တော်ကားစီးရေ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ စာရင်းဇယားအရ ကမ္ဘာမှာမော်တော်ယာဉ် အကြီးအသေး စုစုပေါင်း သန်း ၁၂၀၀ အထိ များပြားခြင်းပဲ။ လူဦးရေကလည်း ခုနစ်ဘီလီယံနီးပါးတိုးတက်ခဲ့ပါတယ်။ အဓိပ္ပာယ်က လူခြောက်ဦးဟာ ကားတစ်စီးပိုင်တဲ့သဘောပဲ။ အမေရိကန်နိုင်ငံရဲ့ လူဦးရေဟာ သန်း ၃၀၀၊ ကားစီးရေက သန်း၂၄၀ ဆိုပြန်တော့ အမေရိကန်ငါးဦးဟာ ကားလေးစီးပိုင်ပါတယ်။

တရုတ်က လက်ရှိမှာ ကားစီးရေသန်း ၁၈၀၊ နောင်မှာ သန်း ၅၀၀ ထိ ရောက်ဖို့ မျှော်မှန်းနေပါတယ်။ ဂျာမနီနဲ့ ဂျပန်နိုင်ငံတို့ဟာ လူနှစ်ဦး ကားတစ်စီးနီးပါးပိုင်ကြပါတယ်။ သေချာစဉ်းစားကြည့်ပါ။ ဓာတ်ဆီ၊ ဒီဇယ်ဆီ တစ်ဂါလန်သုံးတိုင်း လေထုထဲကို ကာဗွန်ဓာတ်ငွေ့ ၉-၁၀ ကီလိုဂရမ် ထုတ်လွှတ်ပါတယ်။




ကားငယ်တစ်စီးဟာ ၇ ဒသမ ၃ လီတာ ဖြည့်ထားရင် ကီလိုမီတာ ၁၀၀ အထိ မောင်းနိုင်ပါတယ်။ ဒီကားဟာ ခြောက်ကီလိုမီတာ မောင်းလိုက်တာနဲ့ လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုက် တစ်ကီလိုဂရမ် မှုတ်ထုတ်လိုက်ပါတယ်။ အများသုံးဘတ်စကားတစ်စီးဟာ ဥပမာ YBS ဆိုပါတော့ ၁၀ - ၁၂ ကီလိုမီတာ မောင်းလိုက်တာနဲ့ ကာဗွန်ဓာတ်ငွေ့ တစ်ကီလိုဂရမ် ထုတ်လွှတ်ပါတယ်။ ဒီ ဘတ်စ်ကားဟာ ခရီးသည် ၄၀ ကို သယ်ယူပို့ဆောင်တာမို့ တွက်ခြေကိုက်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# မင်းကင်းမြို့၌ ပတ်ဝန်းကျင်သာယာလှပရေးအတွက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ




**မင်းကင်း ဇူလိုင် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန မင်းကင်းမြို့နယ်သစ်တောဦးစီးဌာနမှ ပတ်ဝန်းကျင်သာယာလှပရေးအတွက် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို သလဘာကျေးရွာအနီး ကလေး - မင်းကင်း - ယာကြီး - မုံရွာကားလမ်းဘေးဝဲယာ၌ ယနေ့နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

**စုပေါင်းစိုက်ပျိုး**

ရှေးဦးစွာ မင်းကင်းမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဝင်းခိုင်ဖြိုးနှင့်တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးရန်သတ်မှတ်နေရာများတွင် စတင်နေရာယူစိုက်ပျိုးခဲ့ကြပြီး သစ်ပင်စိုက်ပျိုးပွဲတက်ရောက်လာသူများနှင့်အတူ ကျွန်းပျိုးပင် ၃၀၀ နှင့် ပျဉ်းကတိုးပျိုးပင် ၂၀၀ ပျိုးပင်စုစုပေါင်း ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မင်းကင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မင်းကင်း(ပြန်/ဆက်)**



# မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများထုတ်ချေး

**တောင်ငူ ဇူလိုင် ၇**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တောင်ငူခရိုင် ဘဏ်ခွဲအနေဖြင့် ၂၀၂၂ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရန်အတွက် ရပ်ကွက်/ကျေးရွာအုပ်စု ၃၈ ခု၊ မိုးစပါးစိုက်ဧက ၃၇၀၅၃ ဧကအတွက် ချေးငွေကျပ် ၅၅၅၇၉ ဒသမ ၅၀သိန်း ထုတ်ချေးရန် လျာထားကြောင်း သိရသည်။

တောင်ငူခရိုင် ဘဏ်ခွဲအနေဖြင့် ၂၀၂၂ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေလ ၁၇ ရက်နေ့မှစတင်ထုတ်ချေးခဲ့ရာ ဇူလိုင် ၆ ရက်အထိ ရပ်ကွက် /ကျေးရွာအုပ်စု ၁၅ ခု၊ တောင်သူ ၁၆၇၅ ဦး၊ မိုးစပါး စိုက်ဧက ၈၀၃၄ ဧကအတွက် ချေးငွေကျပ် ၁၂၀၅၁ သိန်းကို ထုတ်ချေးနိုင်ခဲ့ပြီး ကျန်တောင်သူများအနေဖြင့် အချိန်စေ့ချေးငွေပြေကျေသူများကို ၂၀၂၂ခုနှစ် စက်တင်ဘာလအထိ သတ်မှတ်ကာလအတွင်း ဆက်လက်ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်ဦး**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

"ကြည့်လေ။ မင်းက မင်းရဲ့သမီးကို ကိုတင်မြင့်လက်ထဲမှာ ယုံယုံကြည်ကြည်နဲ့ စိတ်ချလက်ချ အပ်ထားခဲ့တယ်။ မင်း ထင်တယ်မဟုတ်လား။ ကိုတင်မြင့်ဟာ သူ့ကို သမီးအရင်းနဲ့မခြား စောင့်ရှောက်လိမ့်မယ်၊ ပညာတွေသင်ပေးလိမ့်မယ်။ မင်းရဲ့သမီးဟာ ပညာတတ်ဖြစ်မယ်။ တင့်တောင်းတင့်တယ်ဖြစ်မယ်။ လောကကို အနိုင်ဘက်က ရင်ဆိုင်နိုင်လိမ့်မယ်။ ဒီလိုမဟုတ်လား၊ ဒါပေမဲ့ တကယ်တမ်းကျတော့ မင်းထင်သလို ဖြစ်မလာခဲ့ပါဘူး။ သူဟာ ခင်ခင်ကြီးရဲ့ မွေးစားမှုကို မခံရသေးတဲ့ကာလအထိ ကံဆိုးခဲ့တယ်။ သူ့ဘဝကိုသူ ရုန်းကန်ခဲ့ရတယ်။ မန္တလေးက ထွက်ပြေးခဲ့တယ်။ အငြိမ့်မင်းသမီး ဖြစ်ခဲ့သေးတယ်။ နောက်မှ ခင်ခင်ကြီးနဲ့တွေ့ပြီး အခြေတကျဖြစ်လာခဲ့တာပါ"

ခင်သန်းနွဲ့ မျက်လွှာချလိုက်သည်။ ကြမ်းပြင်ကို စိုက်ကြည့်နေသည်။

"ဒီအကြောင်းတွေ ကျွန်မမသိခဲ့ဘူး" ခပ်တိုးတိုးဆိုသည်။ တစ်ဆက်တည်းမှာပင် "ဒါပေမဲ့ ဒါတွေကို ကျွန်မသိချင်တယ်လို့ ရှင်ထင်သလားဟင်။ အမှန်ပြောရရင် သမီးနဲ့ပတ်သက်လို့ လောလောဆယ်မှာ ကျွန်မ ဘာမှမသိချင်ဘူး။ သူ့အကြောင်း ဘာမှမကြားချင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မကိုယ်တိုင် သူ့အတွက်ဘာမှ လုပ်မပေးနိုင်တဲ့ကာလ၊ ကျွန်မဟာ သူ့ရဲ့ အမေပါလို့ ဖွင့်ပြောလို့ မဖြစ်နိုင်တဲ့ အခြေအနေမှာ သူနဲ့ ပတ်သက်လို့ ဘာမှမကြားချင်ဘူး။ သူ့ဘဝ ဘယ်လိုရှိတယ်ဆိုတာ မမြင်ချင်ဘူး။ အရာအားလုံးကို ဥပေက္ခာပြုထားချင်တယ် ကိုမောင်မောင်ဦး။ ရှင်နဲ့ ပြန်တွေ့ရတာကို ကျွန်မ တစ်နည်းတစ်လမ်းတော့ ဝမ်းသာပါတယ်။ ဒီအကြောင်းတွေ အစပြန်ပေါ်လာတာနဲ့ ပတ်သက်လို့တော့ ဝမ်းနည်းရတယ် ကိုမောင်မောင်ဦးရယ်။ ကျွန်မ လောလောဆယ် ဘာဖြစ်ချင်နေတယ်မှတ်သလဲ၊ ကျွန်မ သေချင်တယ်။ ဟုတ်တယ်။ ခင်သန်းနွဲ့ ဆိုတဲ့ မိန်းမတစ်ယောက် လောကမှာ ပျောက်သွားရင် သိပ်ကောင်းမှာပဲ။ ကျွန်မမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေဝံ့တဲ့ သတ္တိမရှိတာ သိပ်ဆိုးတာပဲ"

ခင်သန်းနွဲ့၏အသံမှာ ကြေကွဲဝမ်းနည်းမှု လွှမ်းနေသည်။ နာကျည်းမှု ပြွမ်းတီးနေသည်။ မျက်နှာအနေအထားမှာလည်း ယင်းသို့ပင် ရှိနေသည်။




"ကိုယ်ကတော့ မင်းနဲ့ ဆန့်ကျင်ဘက်ပဲ။ မင်းကို လောကမှာဆက်ပြီး အသက်ရှင်နေစေချင်ပါသေးတယ်။ တကယ်တော့ မင်းနဲ့ကိုယ်ဟာ ဘဝတူတွေပါ။ မင်းဟာလည်း မင်းရဲ့သမီးအတွက် ရင်မှာ ပူဆွေးစရာရှိနေတယ်။ ကိုယ်ဟာလည်း မင်းလိုပဲ သမီးအတွက် ရင်မှာ ပူဆွေးစရာတွေရှိနေတယ်။ မင်းဟာ ကိုယ့်ထက်တောင် ကံကောင်းပါသေးတယ်။ မင်းရဲ့သမီးဟာ မင်းနဲ့ မဝေးလံလှတဲ့နေရာမှာရှိတယ်။ တွေ့ချင်ရင် အချိန်မရွေး တွေ့လို့ရတယ်။ ကိုယ့်မှာက ဒီအခွင့်အရေးတောင် မရှိပါဘူးကွယ်။ ကိုယ့်သမီးကို ပြန်တွေ့ရတဲ့အချိန်အထိတော့ အသက်ရှင်နေပါဦး ခင်သန်းနွဲ့။ မင်းဟာ ကိုယ်တို့အတွက် အရေးပါတဲ့ လူတစ်ယောက်ပါ။ ကိုယ်တောင်းပန်ပါတယ်။ နန်းကိန္နရီနဲ့ပတ်သက်လို့ သူဟာ မင်းရဲ့သမီးလို့ သက်သေခံဖို့အတွက်တော့ အသက်ဆက်ရှင်နေပါဦး ခင်သန်းနွဲ့ရယ်"

x x x x x

[၄]

ကိုမောင်မောင်ဦးနှင့် ပြန်လည်ဆုံတွေ့ရခြင်းအတွက် စိုးရိမ်မကင်းရှိရသည့်ကြားမှပင် ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်ဟု ကိုကျော့မောင်ထင်သည်။

ဆေးရုံမှ ပျောက်ကွယ်သွားပြီးနောက် သုံးလေးရက်အကြာတွင် ကိုမောင်မောင်ဦး သူ့ထံရောက်လာသည်။ သည်တစ်ခါ ရောက်လာခြင်းမှာ သူ့အတွက် ဝန်လေးဖွယ်ရာမပါကြောင်း သိရလျှင် ကိုကျော့မောင်၏ရင်မှ အလုံးကျသွားသည်။ ကိုမောင်မောင်ဦးက သူ ကမ္ဘာအေးရှိအိမ်တွင်ပင်နေမည်ဟု ဆိုခဲ့သည်။

ထိုနေ့က သူ ကိုမောင်မောင်ဦးနှင့်အတူ လိုက်ပါသွားခဲ့ရာ ကမ္ဘာအေးရှိအိမ်သို့ ရောက်သည်။ ယင်းအိမ်တွင် ဘယ်လိုမှ မမျှော်လင့်ဘဲ ခင်သန်းနွဲ့နှင့်ဆုံတွေ့ရသည်။ သူငယ်ချင်းဖြစ်သူက ခင်သန်းနွဲ့နှင့် အတူနေမည်ဆိုခြင်းကို ကိုကျော့မောင် ဘဝင်မကျလှ။

မည်သို့ပင်ဖြစ်စေ သူငယ်ချင်း၏ နေရေးစားရေးအတွက် စိတ်အေးရသည် ဆိုလျှင်ပင် သူ့အဖို့ ကျေနပ်ဝမ်းသာဖွယ်ရာ ဖြစ်နေခဲ့လေသည်။

သည်အကြောင်းကို နန်းကိန္နရီထံ ဖုန်းဆက်ရန် စိတ်ကူးမိသေးသည်။ သို့ပေမဲ့ ယခင်နေ့ကလို ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် တိုးမိမည်ကို စိုးရိမ်သည်။ သို့ဖြင့် နန်းကိန္နရီထံ ဖုန်းမဆက်ဖြစ်ခဲ့။

နောက်တစ်နေ့တွင်မူ နန်းကိန္နရီသည် သူ့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေသည်။

"ဦးမောင်မောင်ဦးကို ရှာလို့တွေ့ပြီလား ဦးလေး"

လူချင်းတွေ့မိသည်နှင့်တစ်ပြိုင်နက် နန်းကိန္နရီမေးသည်။ ကိုကျော့မောင်က ရှာတွေ့ခဲ့ပြီဖြစ်ကြောင်း ပြောပြရသည်။ မိမိနှယ်ပင် နန်းကိန္နရီသည်လည်း စိတ်အေးလက်အေး ဖြစ်သွားရသည်ဟု ထင်သည်။

"တူမ သူ့ဆီသွားချင်သလားဟင်"

ကိုကျော့မောင် မေးသည်။

စင်စစ် ကိုကျော့မောင်သည် ကိုမောင်မောင်ဦးထံမှ မည်သည့်စကားမျှ မကြားခဲ့ရ။ နန်းကိန္နရီနှင့်စပ်လျဉ်း၍ ကိုမောင်မောင်ဦး တစ်လုံးတစ်ပါဒမျှ မမေး။ ဘာမျှလည်းမပြော။ သို့ဖြစ်၍သာ သည်အမေးကို မေးဖြစ်ခဲ့ခြင်းဖြစ်သည်။

"အရီ့အနေနဲ့ သွားချင်ပါတယ် ဦးလေးရယ်။ သူနဲ့ ဆုံချင်ပါတယ်။ စကားတွေလည်း အများကြီးပြောချင်ပါတယ်။ ဒါပေမဲ့ သူ အရီ့ကို လိုလိုလားလား မရှိဘူး။ ဦးလေးအမြင်ပဲလေ။ အရီ့ကို ဆေးရုံမှာတုန်းက နှင်တောင်လွှတ်ခဲ့သေးတာပဲမဟုတ်လား"

သည်တော့လည်း ကိုကျော့မောင် ကိုယ်တိုင် တိတ်တဆိတ် သက်ပြင်းရှိုက်လိုက်မိလေသည်။

"သူ့အပြုအမူကို ဦးလေးလည်း မကျေနပ်လှပါဘူး။ သူဘာဖြစ်နေတယ်ဆိုတာ ဦးလေးလည်း မတွေးတတ်နိုင်အောင်ပဲ။ တစ်ခုတော့ရှိတာပေါ့ကွယ်။ ခင်ခင်ကြီးကိုယ်တိုင်က တူမနဲ့ သူဆက်ဆံတာ မကြိုက်နိုင်အောင် ဖြစ်နေတယ်မဟုတ်လား။ သူနဲ့ပတ်သက်ပြီး တူမနဲ့ခင်ခင်ကြီးတို့ ပြဿနာပေါ်လာမှာ စိုးလို့ပဲထင်ပါရဲ့"

"အရီ အရီ ဘာလုပ်ရမလဲဟင် ဦးလေး"

သည်အမေးကို ကိုကျော့မောင် မဖြေတတ်ခဲ့။ ဖြစ်နိုင်မည်ဆိုလျှင်တော့ သည်အမေးကို နန်းကိန္နရီထံ ပြန်၍မေးလိုက်ချင်သည်။

"သူ အခု ဘယ်မှာလဲဟင်"

နန်းကိန္နရီ မေးပြန်သည်။

ထိုအခါ ကိုမောင်မောင်ဦးရှိနေသည့် အိမ်လိပ်စာကို ပြောရသည်။ သွားပုံသွားနည်း လမ်းညွှန်ရသည်။

"တစ်နေ့မဟုတ် တစ်နေ့တော့ အရီ သူ့ဆီသွားမှာ။ သူနဲ့သွားတွေ့မှာပါ။ သူက ဘယ်လောက်ပဲ မလိုလားနိုင်အောင်ရှိရှိ အရီတွေ့ဖြစ်အောင် သွားတွေ့မှာပါ"

ထို့နောက် နန်းကိန္နရီသည် ကိုကျော့မောင်အား နှုတ်ဆက်သည်။ ကိုကျော့မောင်၏အိမ်မှ ထွက်သည်။

ကိုကျော့မောင်သည် နန်းကိန္နရီအား ခြံတံခါးပေါက်ဝသို့ အရောက်လိုက်ပို့သည်။ သူ၏ကားထွက်သွားသည်ကို စောင့်ကြည့်နေသည်။ သည်စဉ် ခပ်လှမ်းလှမ်းမှ မော်တော်ကားတစ်စီး နန်းကိန္နရီ၏ကားနောက်မှ မောင်းနှင်လိုက်ပါသွားသည်ကို တွေ့ရသည်။ ထိုအတွက် စိတ်မှာ စနောင့်စနင်းရှိမိသည်တော့ အမှန်ပင်။ သို့ရာတွင် သူသည် စိတ်စနောင့်စနင်းဖြစ်ရသည်ဆိုခြင်းထက် ဘာတစ်ခုမျှ ပိုမိုအလေးအနက်မထားဘဲ အိမ်အတွင်း ပြန်ဝင်ခဲ့လေသည်။

နန်းကိန္နရီသည် ကားကို ပါရမီလမ်းမှသည် ကမ္ဘာအေးစေတီလမ်းသို့ ချိုးကွေ့မောင်းနှင်လာခဲ့သည်။ ကား၏အရှိန်မှာ နှေးကွေးသည်။ ဘီးလိမ့်ရုံကလေး မောင်းနှင်လာခြင်းဖြစ်သည်။ သူ၏ စိတ်သန္တာန်မှာလည်း လေးလံနေသည်ဟု ထင်သည်။ စိတ်မှာ မတင်မကျရှိရ လွန်းပါဘိတော့သည်။

မဝေးတော့သောနေရာတွင် ကိုမောင်မောင်ဦး ရောက်ရှိနေသော ရပ်ကွက်၊ ကိုမောင်မောင်ဦး တည်းခိုနေသောအိမ် ရှိသည်ကို သိသည်။ စိတ်က သည်နေရာသို့ သွားချင်သလို မသွားချင်သလိုနှင့် သူနှင့်လည်း တွေ့ချင်သလို မတွေ့ချင်သလိုနှင့်။

သည်လိုနှင့်ပင် နန်းကိန္နရီသည် ကမ္ဘာအေးရပ်ကွက်သို့ ရောက်လာလေသည်။ ကိုမောင်မောင်ဦး ရှိနေပါသည်ဆိုသော လမ်းထိပ်သို့ ရောက်လာလေသည်။ သည်နေရာတွင် နန်းကိန္နရီသည် ကားကို အလိုလိုထိုးရပ်မိလျက်သား ဖြစ်သွားသည်။

လမ်းမှာ ကားဝင်သာလောက်အောင် မကောင်း၊ နေရာတကာမှာပင် ရွံ့ဗွက်များရှိနေသည်။

စိတ်မှာ ဝေနေသည်။ ထွေနေသည်။ တစ်စုံတစ်ခုကို တိတိကျကျ မိမိရရ မတွေးနိုင်။ မတွေးတတ်။ မိမိကိုယ်ကိုယ် အဘယ်သို့ပြုမူနေမိသည်မသိ။ အိပ်မက်ထဲမှာ လမ်းလျှောက်နေမိသူတစ်ယောက်နှယ်ဖြစ်သည်။ အရာအားလုံးနှင့် ထိတွေ့ရသည်မှာ အိပ်မက်ထဲမှာ ထိတွေ့ရပုံမျိုး ဖြစ်နေသည်။

ကားတံခါးဖွင့်လိုက်သည်။ ကားပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် လမ်းကို ဖြတ်ကူးလိုက်သည်။ အကယ်၍ သည်စဉ်ကသာ နန်းကိန္နရီသည် လမ်းဘေးဝဲယာကို ဂရုတစိုက်ကြည့်မိမည်ဆိုလျှင် မလှမ်းမကမ်းရှိ စိန်ပန်းပင်အောက်၌ ထိုးရပ်လာသည့် ကားတစ်စီးကို မြင်မိမည် ` အမှန်ဖြစ်သည်။ ထိုကားပေါ်မှနေ၍ သူ့အား အကဲခတ်စူးစိုက်ကြည့်နေသောသူကို မြင်မိမည်ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

"ဦးမောင်မောင်ဦးကို ရှာလို့တွေ့ပြီလား ဦးလေး"
လူချင်းတွေ့မိသည်နှင့်တစ်ပြိုင်နက် နန်းကိန္နရီမေးသည်။
ကိုကျော့မောင်က ရှာတွေ့ခဲ့ပြီဖြစ်ကြောင်း ပြောပြရသည်။
မိမိနှယ်ပင် နန်းကိန္နရီသည်လည်း စိတ်အေးလက်အေး ဖြစ်သွားရသည်ဟု ထင်သည်။
"တူမ သူ့ဆီသွားချင်သလားဟင်" ကိုကျော့မောင် မေးသည်။
စင်စစ် ကိုကျော့မောင်သည် ကိုမောင်မောင်ဦးထံမှ မည်သည့်စကားမျှ မကြားခဲ့ရ၊
နန်းကိန္နရီနှင့်စပ်လျဉ်း၍ ကိုမောင်မောင်ဦး တစ်လုံးတစ်ပါဒမျှ မမေး။
ဘာမျှလည်းမပြော။ သို့ဖြစ်၍သာ . . .

## မန်ယူအသင်းကခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ဖရန့်ကီဒီဂျောင်ကို ရောင်းချမှာမဟုတ်ဘူးလို့ ဘာစီလိုနာအသင်း ပြောကြား

မန်ယူအသင်းဟာ ကွင်းလယ်ကစားသမား ဖရန့်ကီဒီဂျောင်ကိုခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အပြင် မန်ယူအသင်းနဲ့ ဖရန့်ကီဒီဂျောင်တို့အကြား သဘောတူညီမှုရရှိထားတယ်ဆိုပေမယ့် ဘာစီလိုနာအသင်းကတော့ ဖရန့်ကီဒီဂျောင်ကိုရောင်းချမှာမဟုတ်ဘူးလို့ အခိုင်အမာပြောကြားခဲ့ပြီးဖြစ်ပါတယ်။

**သဘောတူညီထား**

မန်ယူအသင်းဟာ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းက ဘာစီလိုနာအသင်းမှ နယ်သာလန်ကွင်းလယ်ကစားသမား ဖရန့်ကီဒီဂျောင်ကို ခေါ်ယူဖို့ ယူရို ၆၅ သန်း(ပေါင် ၅၆ သန်း)နဲ့ သဘောတူညီထားတာလည်း ဖြစ်ပါတယ်။

အဲဒီလို မန်ယူအသင်းနဲ့ ဖရန့်ကီဒီဂျောင်တို့အကြား သဘောတူညီမှုရရှိထားပေမယ့် ဘာစီလိုနာအသင်းဥက္ကဋ္ဌ လာပေါ့တာကတော့ ဖရန့်ကီဒီဂျောင်ကို မန်ယူအသင်းဆီ ရောင်းချမှာမဟုတ်ဘူးလို့ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

နယ်သာလန်ကွင်းလယ်ကစားသမား ဖရန့်ကီဒီဂျောင်ဟာ ၂၀၁၉ ခုနှစ်အတွင်းက နယ်သာလန်ကလပ် အေဂျက်အသင်းကနေ ဘာစီလိုနာအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၆၅ သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူ ဖြစ်ပါတယ်။





## လိဒ်ယူနိုက်တက်က တေလာအဒမ်ကို ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူ

လိဒ်ယူနိုက်တက်အသင်းဟာ လိုက်ဇစ်အသင်းမှ ကွင်းလယ်ကစားသမား တေလာအဒမ်ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ နဲ့ စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။

**ငါးနှစ်သက်တမ်းရှိစာချုပ်**

အသက် ၂၃ နှစ်အရွယ်ရှိ အမေရိကန်ကွင်းလယ်ကစားသမား တေလာအဒမ်ဟာ လိဒ်ယူနိုက်တက်အသင်းနဲ့အတူ ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ကွင်းလယ်ကစားသမား တေလာအဒမ်ဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ဇစ်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၀၁ ပွဲအထိ ပါဝင်ကစားပေးခဲ့သူလည်း ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား တေလာအဒမ်ဟာ ယခုနွေရာသီ အပြောင်းအရွှေ့ကာလအတွင်း လိဒ်ယူနိုက်တက်အသင်းက စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တဲ့ ငါးဦးမြောက်ကစားသမားဖြစ်ပြီး ဖီယင်နုအသင်းမှ တောင်ပံကစားသမား ဆီနီစတာရာကိုလည်း စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

လိဒ်ယူနိုက်တက်အသင်းဟာ ဖီယင်နုအသင်းမှ ကိုလံဘီယာတောင်ပံကစားသမား ဆီနီစတာရာကို ပြောင်းရွှေ့ကြေးပေါင် ၂၁ သန်းနဲ့ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူခဲ့တာလည်း ဖြစ်ပါတယ်။ ဆီနီစတာရာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဖီယင်နုအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၄၉ ပွဲ ပါဝင်ကစားခဲ့ရာမှာ သွင်းဂိုး ၂၃ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၁၄ ကြိမ်အထိ ရှိထားခဲ့တာလည်း ဖြစ်ပါတယ်။

## ဘောလုံးလောကသတင်းတိုများ

- ☆ ချယ်လ်ဆီးအသင်းဟာ ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းမှ ကွင်းလယ်ကစားသမား နူနက်စ်ကို ပြောင်းရွှေ့ကြေးပေါင် ၃၈ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- ☆ မန်ယူအသင်းဟာ အေဂျက်အသင်းမှ အသက် ၂၂ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူး အန်တိုနီကို ပြောင်းရွှေ့ကြေးပေါင် ၅၁ သန်းနဲ့ ခေါ်ယူဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- ☆ အာဆင်နယ်အသင်းဟာ လက်စတာစီးတီးအသင်းမှ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား တီယယ်လီမန်ကို ပေါင်သန်း ၃၀ နဲ့ ခေါ်ယူနိုင်မယ်လို့ ယုံကြည်ထားကြောင်း ပြောကြားထားပါတယ်။

## စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း

စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်ဟာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်ဟာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်မှာ အမေရိကန်တင်းနစ်ကစားသမား တေလာဖရစ်ကို အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး ကွာတားဖိုင်နယ်အဆင့်မှာ တေလာဖရစ်ကို ၃-၆၊ ၇-၅၊ ၃-၆၊ ၇-၅၊ ၇-၆(၁၀-၄)နဲ့ အနိုင်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်ဟာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ဩစတြေးလျပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား နစ်ခ်ကျာဂျီယော့စ်နဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။ ရာဖေးလ်နာဒယ်ဟာ ယခုနှစ်အတွင်းမှာ ဩစတြေးလျ အိုးပင်းတင်းနစ်ဆုဖလားနဲ့ ပြင်သစ်အိုးပင်းတင်းနစ်ဆုဖလားတွေကို ရယူသိမ်းပိုက်နိုင်ခဲ့ပြီးဖြစ်တာကြောင့် ဝင်ဘယ်ဒန်တင်းနစ်ဆုဖလားကိုလည်း ရယူဆွတ်ခူးနိုင်မယ့် ကစားသမားအဖြစ် ရေပန်းစားနေတာဖြစ်ပါတယ်။

ဒါပေမယ့် ရာဖေးလ်နာဒယ်ဟာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မတိုင်မီ ဝမ်းဗိုက်နဲ့ပတ်သက်တဲ့ ရောဂါတစ်ခုရရှိထားတာကြောင့် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုတွေ ပြုလုပ်သွားရဖို့လည်းရှိနေတာ ဖြစ်ပါတယ်။



## တွမ်မီဖူရီနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့်ပွဲစဉ်ကို ဖျက်သိမ်းခဲ့ပြီဖြစ်တဲ့ ဂျိတ်ပေါလ်

အမေရိကန်နိုင်ငံရဲ့ ပရော်ဖက်ရှင်နယ်လက်ဝှေ့ကစားသမား ဂျိတ်ပေါလ်ဟာ လာမယ့် ဩဂုတ် ၆ ရက်မှာ ဗြိတိန်လက်ဝှေ့ကျော် တွမ်မီဖူရီနဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့ စီစဉ်ထားခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ အဲဒီပြိုင်ပွဲကို ဖျက်သိမ်းခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။



ဂျိတ်ပေါလ်

အသက် ၂၃ နှစ်အရွယ်ရှိ ဗြိတိန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား တွမ်မီဖူရီဟာ ပြီးခဲ့တဲ့လအတွင်းက ဂျိတ်ပေါလ်နဲ့ ထိုးသတ်မယ့်ပွဲအတွက် သတင်းစာရှင်းလင်းပွဲပြုလုပ်ဖို့ စီစဉ်ထားပေမယ့် အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်ခွင့်တားမြစ်ပိတ်ပင်ခံခဲ့ရတာ ဖြစ်ပါတယ်။

အဲဒါကြောင့် အသက် ၂၅ နှစ်အရွယ်ရှိ ဂျိတ်ပေါလ် အနေနဲ့ တွမ်မီဖူရီကို ဗီဇာကိစ္စတွေနဲ့ ပတ်သက်ပြီး ဖြေရှင်းနိုင်ဖို့ စောင့်ဆိုင်းခဲ့ပေမယ့် ထင်ထားတဲ့အတိုင်းဖြစ်မလာခဲ့တာကြောင့် တွမ်မီဖူရီနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် လက်ဝှေ့ပွဲစဉ်ကို ဖျက်သိမ်းခဲ့တာလည်း ဖြစ်ပါတယ်။

ဂျိတ်ပေါလ်ဟာ တွမ်မီဖူရီနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့်ပွဲစဉ် ဖျက်သိမ်းခဲ့ပေမယ့် ဩဂုတ် ၆ ရက်မှာ ပြိုင်ဘက်တစ်ဦးဦးနဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့ စီစဉ်ထားတာဖြစ်တဲ့အတွက် ပြိုင်ဘက်သစ်တစ်ဦးကို ရှာဖွေသွားမှာ ဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

ငွေကြယ် - ရေးသားသည်

# လုံခြုံရေးအခြေအနေအရ ယာယီပြောင်းရွှေ့လာသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့

ဖြူး ဇူလိုင် ၇

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းသို့ လုံခြုံရေးအခြေအနေအရ ယာယီပြောင်းရွှေ့လာသူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သော ထောက်ပံ့ငွေများကို ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလင်းအောင်က ဇူလိုင် ၆ ရက်က သွားရောက်ထောက်ပံ့ခဲ့ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ သွားရောက်ထောက်ပံ့ရာတွင် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလင်းအောင်သည် တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်နှင့်အဖွဲ့ဝင်များ၊ တောင်ငူခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သင်းသင်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောမင်းသူနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရွာတန်းရှည်ကျေးရွာ ခေမာသီဝံဘုန်းတော်ကြီးကျောင်း၊ နတ်ရေကန်ကျေးရွာ သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်း၊ ဖြူးအရှေ့ဘုန်းတော်ကြီးကျောင်းနှင့် အဝေးပြေးလမ်းမဘေးရှိ သဘာဝတရားရိပ်သာတို့တွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသော ပြည်သူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ဖြူးမြို့နယ်အတွင်းသို့ ယာယီပြောင်းရွှေ့လာသည့် အိမ်ထောင်စု ၂၁၁၉ စု၊ လူဦးရေ ၉၇၆၃ ဦးတို့အတွက် ငွေကျပ် ၂၀၅ သိန်းနှင့် ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ကြက်ဥများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းလက်ရွေ့ပြိုင်ပွဲတွင် တောင်ငူတပ်နယ်အသင်း ဒိုင်းဆုရရှိ

နေပြည်တော် ဇူလိုင် ၇

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်းလက်ရွေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၆ ရက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အားကစားသမားများ၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ထိုးသတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့် တောင်ငူတပ်နယ်အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ လက်ရွေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇွန် ၂၉ ရက်မှ ဇူလိုင် ၆ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# ရွှေသွေးဂျာနယ် ထွက်ရှိ

နေပြည်တော် ဇူလိုင် ၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၉ – ၇ – ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၂၈) တွင် မိဘနှင့်သားသမီး ကွဲကွာရခြင်းဒုက္ခသည် အင်မတန်ပူဆွေးသောကရောက်ရပုံကို ကိုယ်တိုင်ခံစားလိုက်ရသည့် အာတူးအကြောင်း တင်ဆက်ထားသည့် "ကွဲကွာရခြင်းဒုက္ခ" မျက်နှာဖုံးကာတွန်း၊ လူသားတို့၏ မျက်ရည်အကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "မျက်ရည်ဆိုတာ" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ဟင်းကောင်းချက်သောအိမ်တွင် ဧည့်သည်လုပ်ကာ ထမင်းလိုက်စားတတ်သော ဦးထွေးအကြောင်းကို ဟာသဖြစ်ဖွယ် သရုပ်ဖော်ထားသည့် "ဖြိုးရဲ-ဧည့်သည်" နှစ်မျက်နှာကာတွန်း၊ သီးပင်စားပင်များကို အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင် စိုက်ရုံဖြင့် မိသားစု၏ မီးဖိုချောင်ကို ဖူလုံစေသည့်အပြင် သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးကို တင်ဆက်ထားသည့် "ကမ္ဘာကြီးစိမ်းလန်းပါစေ" ဝတ္ထုကဏ္ဍ၊ အစားစားရာတွင် ခွာတ်မတည့်သော အစားအစာများကို တွဲဖက်မစားမိစေရန် သတိပြုဆင်ခြင်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "မေမေ့ကိုချစ်လို့" တစ်မျက်နှာကာတွန်း၊ ပုံပြင်ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍအပါအဝင် အင်္ဂလိပ်စကားဝိုင်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❍ **MNL ပြိုင်ပွဲမှ**

ပါဝင်ခဲ့ပြီး ရတနာပုံအသင်းတွင် ပြည့်ဖြိုးသူ (ဂိုး)၊ အောင်ဝဏ္ဏစိုး၊ ဇော်ရဲထွန်း၊ သက်ဟိန်းစိုး၊ မျိုးကိုထွန်း၊ ဘီဘီ၊ သက်နိုင်၊ ငြိမ်းချမ်းစိုး၊ သိုင်းဘွဲ့အောင်၊ ရဲရင့်အောင်၊ နောင်နောင်စိုးတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ဂိုးသွင်းခွင့်များလည်း အပြန်အလှန်ရရှိခဲ့သည်။ ရတနာပုံအသင်းအနေဖြင့် ဂိုးရနိုင်သည့် အခွင့်အရေးများ အသုံးမချနိုင်သဖြင့် နစ်နာခဲ့ရသည်။ ပထမပိုင်းပြီးခါနီးတွင် ရန်ကုန်အသင်း ဂိုးစတင်ရရှိခဲ့ပြီး ပင်နယ်တီဧရိယာစည်းထိပ်နား၌ရရှိသည့် ပြစ်ဒဏ်ဘောကို ထက်ဖြိုးဝေက တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်း ချေပဂိုးရရန် ကြိုးပမ်းသော်လည်း ရန်ကုန်အသင်းက ဂိုးထပ်ရခဲ့ပြီး ၇၅ မိနစ်တွင် ဒေးဗစ်ထန်က သွင်းယူခဲ့သည်။ ဒေးဗစ်ထန်သည် ယခုရာသီမှ အသင်းဟောင်း ရန်ကုန်အသင်းသို့ ပြန်လည်ပြောင်းရွှေ့လာပြီး ဒုတိယမြောက်ပွဲတွင် ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၂) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့က နှစ်ပွဲနိုင် ခြောက်မှတ်စီဖြင့် ဇယားထိပ်တွင် အပြိုင်ဖြစ်နေပြီး ရတနာပုံ၊ အား/ကာသိပ္ပံ၊ ဟံသာဝတီ၊ ဧရာဝတီ၊ မြဝတီနှင့် မဟာယူနိုက်တက်အသင်းတို့က တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်စီရရှိထားကာ ရခိုင်ယူနိုက်တက်နှင့် GFA အသင်းတို့မှာ နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရရှိသေးပေ။

သတင်း-ကိုညီလေး
ဓာတ်ပုံ- MNL

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

**သက်ဆိုင်သူများကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရွှေလင်ပန်း-(မ)၂၂၊ လူနေရပ်ကွက်အမှတ်(၂၂)၊ ရွှေလင်ပန်း၊ ပိတောက်(၅)လမ်း၊ မြေကွက်အမှတ်(၆၄၇) အကျယ်အဝန်း (အလျား ပေ ၄၀x အနံ ပေ ၆၀)ရှိ ဗိုလ်မှူးထွန်းထွန်းဦး (က-၂၄၂၄၂) [၁၂/ဗဟန(နိုင်)၀၀၇၅၀၈] (ဘ) ဦးမြင့်သိန်း အမည်ပေါက်မြေချပါမစ်မြေကွက်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်၍ တရားဝင်လက်ဝယ်ထားရှိကာ ယခုလက်ရှိထား တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းသိန်း [၁၄/လပတ(နိုင်)၁၂၀၁၈၁] (ဘ) ဦးထွန်းစိန်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းစိုးဝင်း [၁၂/လမန(နိုင်)၁၁၈၆၂၀] (ဘ) ဦးခင်ဝင်းမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို (၆-၇-၂၀၂၂)ရက်တွင် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ညီညီမင်း**
**LL.B, M.A(Business Law), D.B.L, D.I.L,**
**P.G.D.C.A, G.T.I (Civil)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၀၀)**
**အမှတ်(၇၁၂/ခ)၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၇၇၇၀၉၉၊ ၀၉-၉၇၁၅၅၂၈၈၃**

❂ **အာဆီယံ ယူ-၁၉ မှ**

ထိုင်းအသင်းက ခုနစ်မှတ်စီ၊ မြန်မာအသင်းက ခြောက်မှတ်၊ အိမ်ရှင်အင်ဒိုနီးရှားအသင်းက ငါးမှတ်ရထားပြီး ဆီမီးဖိုင်နယ်တက်ရောက်ရေး ယှဉ်ပြိုင်မှုတွင် ယင်းလေးသင်းသာ အခွင့်အရေးရှိပြီး သုံးပွဲစလုံးရှုံးထားသည့် ဖိလစ်ပိုင်နှင့် ဘရူနိုင်းအသင်းတို့မှာ နှစ်ပွဲကစားရန် ကျန်သေးသော်လည်း အခွင့်အရေးမရှိတော့ပေ။ မြန်မာအသင်းသည် ကစားပြီးသည့် အုပ်စုသုံးပွဲ၌ ဘရူနိုင်းအသင်းကို ခုနစ်ဂိုးပြတ်၊ ဖိလစ်ပိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ထိုင်းအသင်းကို သုံးဂိုးပြတ် အရေးနိမ့်ထားသည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက် လက်ကျန်နှစ်ပွဲစလုံး အရေးပါနေသော်လည်း ယနေ့ကစားမည့် ဗီယက်နမ်နှင့်ပွဲတွင် အနိမ့်ဆုံး သရေတစ်မှတ်ရယူနိုင်မှသာ အင်ဒိုနီးရှားနှင့် နောက်ဆုံးပွဲမှာ ဆက်လက်အရေးပါမည်ဖြစ်သည်။ ခုနစ်မှတ်ရထားသည့် ထိုင်းအသင်းသည် ဘရူနိုင်းနှင့် တွေ့ဆုံနေရာ အနိုင်ရရန် သေချာသလောက်ရှိနေသဖြင့် မြန်မာအသင်းအနေဖြင့် ဗီယက်နမ်အသင်းထံမှ အမှတ်ရယူနိုင်မှသာ ဆီမီးဖိုင်နယ်တက်ရောက်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ အကယ်၍ မြန်မာအသင်းအနေဖြင့် ဗီယက်နမ်ကို ရှုံးနိမ့်သည့်အပြင် ထိုင်းအသင်းလည်း အနိုင်ရပါက မြန်မာအသင်းသည် ဆီမီးတက်ခွင့် ဆုံးရှုံးမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စု (က) တွင် ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဘရူနိုင်း၊ အုပ်စု (ခ) တွင် မလေးရှား၊ စင်ကာပူ၊ တီမော၊ ကမ္ဘောဒီးယား၊ လာအိုအသင်းတို့ ပါဝင်နေသည်။

ကိုညီလေး

■

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးဟာ တို့တပ်မတော်သားတွေ အမြဲတမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ့် အမျိုးသားရေးတာဝန်ပဲ ဖြစ်တယ်။ အမျိုးသားရေးဆိုတာ တစ်မျိုးသားလုံးရဲ့ အကျိုးစီးပွားနဲ့ ဘာသာ၊ သာသနာ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာတို့ကို ကာကွယ်စောင့်ရှောက်ခြင်းကို ဆိုလိုတယ်။ နိုင်ငံတော်မှာ မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေနဲ့ တစ်မျိုးသားလုံးနဲ့ သက်ဆိုင်တဲ့အမျိုးသားရေးမူဝါဒဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းသွားရမှာဖြစ်တယ်။ တပ်မတော်ရဲ့ အမျိုးသားနိုင်ငံရေးကို အကောင်အထည်ဖော်ရာမှာ ပြည်သူပြည်သားများနဲ့အတူ လက်တွဲညီညီ အစွမ်းကုန်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမဟာသရေစည်သူမင်းအောင်လှိုင်၏ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်) ၂၂-၁၂-၂၀၂၁

**ယနေ့ ဖတ်စရာ**

**တမူးဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ဖြေကြားချက်**

စာမျက်နှာ » ၈

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ**

စာမျက်နှာ » ၁၅

**မန်ယူအသင်းကခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ဖရန့်ကီဒီဂျောင်ကို ရောင်းချမှာမဟုတ်ဘူးလို့ ဘာစီလိုနာအသင်း ပြောကြား**

စာမျက်နှာ » ၂၁

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

နေပြည်တော် ဇူလိုင် ၇

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာ နေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက်အပြည့်အစုံမှာ - စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖

## MNL ပြိုင်ပွဲတွင် ရတနာပုံကို ရန်ကုန်အသင်း အနိုင်ယူ



ရတနာပုံနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဇူလိုင် ၇

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) နောက်ဆုံးနေ့ကို ဇူလိုင် ၇ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ရန်ကုန်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အဖွင့်ပွဲတွင် နိုင်ပွဲကိုယ်စီရထားသည့်အပြင် MNL စတင်ကတည်းက အဓိကပြိုင်ဘက်များဖြစ်ခဲ့သည့် ရတနာပုံအသင်းနှင့် ရန်ကုန်အသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုမှာ အကြိတ်အနယ်ရှိခဲ့ပြီး ရန်ကုန်အသင်းက နိုင်ပွဲရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် နှစ်ပွဲဆက် အနိုင်ရခဲ့သည့်အပြင် ပေးဂိုးလည်းမရှိသေးသည့်အတွက် ကျေနပ်စရာဖြစ်ခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်း၏ ပွဲထွက်လူစာရင်းတွင် ဘုန်းသစ္စာမင်း (ဂိုး)၊ ကျော်မင်းဦး၊ ဒေးဗစ်ထန်၊ ထက်ဖြိုးဝေ၊ ဇာနည်ထက်၊ မင်းကျော်ခန့်၊ ရန်ပိုင်စိုး၊ ဟိန်းဇေယျာလင်း၊ ရန်ကျော်စိုး၊ ရန်နိုင်ဦး၊ သီဟထက်အောင်တို့ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍

## အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ဆီမီးဖိုင်နယ်တက်ရေး အရေးပါသည့်ပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ် ယနေ့ကစားမည်

ရန်ကုန် ဇူလိုင် ၇

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(က) စတုတ္ထနေ့ကို ဇူလိုင် ၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်တက်ရောက်ရေး အရေးပါသည့်ပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စု (က) စတုတ္ထနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်၊ မြန်မာစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ထိုင်းနှင့် ဘရူနိုင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အိမ်ရှင်အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇူလိုင် ၆ ရက်ပွဲစဉ်များအပြီးတွင် ဗီယက်နမ်နှင့် စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ✪